# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလဆန်း (၃) ရက် ၊ ကြာသပတေးနေ့ ၊ (5-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၂၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆီဆိုင်မြို့ မြို့မဈေးအား အသစ်ပြန်လည်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များအတွင်း ဒေသကောင်းစားရေးဟုသုံးနှုန်း၍အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည့် PNLO အဖွဲ့၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသခံ တိုင်းရင်းသားပြည်သူများ နေထိုင်ရာမြို့ရွာ၊ ရပ်ကွက်များတွင် တိုက်ပွဲများဖော်ဆောင်ခြင်း၊ သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်ဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်
အယ်ဒီတာ့အာဘော်

# ကျန်းမာခြင်းသည် လာဘ်တစ်ပါး

ကျန်းမာခြင်းသည် လူတိုင်းအတွက်အရေးကြီးသကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကိုလည်း ကျန်းမာကြံ့ခိုင်သော နိုင်ငံသားတို့၏စွမ်းအားဖြင့်တည်ဆောက်ရယူနိုင်မည်ဖြစ်သည်။ ထို့အတွက်ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးတည်ချက် (၉)ရပ်ပါ လူမှုရေးဦးတည်ချက်တစ်ရပ်တွင် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူတို့သည် စား၊ ဝတ်၊ နေရေး ဆိုသည့်အရေးသုံးပါးကို နေ့စဉ်ရင်ဆိုင်ဖြေရှင်းနေကြရသည်။ လူမှုပတ်ဝန်းကျင်၌ နေ့စဉ်ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်ကြရာတွင် စိတ်ဖိစီးမှုအမျိုးမျိုးကိုရင်ဆိုင်ကြုံတွေ့နေရတတ်ပြီး ထိုစိတ်ဖိစီးမှုကြောင့်ပင် ခန္ဓာကိုယ်ကပင်ပန်းကာ မကျန်းမမာဖြစ်လာတတ်သည်။ နေ့စဉ်ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲများ၊ အကျပ်အတည်းများကြောင့် စိတ်ပင်ပန်းမှုဖြစ်နေရချိန်တွင် ခန္ဓာကိုယ်ကျန်းမာရေးကို ဂရုစိုက်ရန် မေ့လျော့နေတတ်ကြသည်။

ထို့ကြောင့် ကျန်းမာကြံ့ခိုင်စေရန် လူတိုင်းကျန်းမာရေးနှင့်ညီညွတ်စွာစားသောက်နေထိုင်ပြုမူရန်လိုသည်။ မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်အောင် ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်ရန် လမ်းလျှောက်ခြင်း၊ လေကောင်းလေသန့်ကိုရှူရှိုက်ခြင်း၊ ရေကောင်း၊ ရေသန့်ကိုသောက်သုံးခြင်း၊ ကျန်းမာစေမည့်အစားအစာများကို ရွေးချယ်စားသုံးခြင်း၊ အိပ်ရေးဝအောင် အိပ်စက်ခြင်းများပြုလုပ်ကြရမည်ဖြစ်သည်။

လူတိုင်း အနာရောဂါကာကွယ်နိုင်စေရန် ကျန်းမာရေးနှင့်ညီညွတ်သော ပြုမူနေထိုင်မှုများအလေ့အထများကို အစဉ်အမြဲကျင့်ကြံနေထိုင်တတ်ရမည်ဖြစ်သည်။ အသက် ဉာဏ်စောင့်ဟူသော ဆိုရိုးစကားအရ အစားအသောက်အနေအထိုင်ကို ဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်ပြီး စားသောက်နေထိုင်မှသာ အသက်ရှည်ကျန်းမာမည်ဖြစ်သည်။ အနာရောဂါခံစားရလျှင် စီးပွားဥစ္စာမရှာဖွေနိုင်တော့ဘဲ ရရှိပြီးထားသောစီးပွားဥစ္စာများ ကုန်ဆုံးရုံသာမက အသက်ပါဆုံးရှုံးရတတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ကျန်းမာခြင်း၏အနှစ်သာရကို မကျန်းမာသောအခါမှသာ သိရသည်။ ထို့ကြောင့် ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ဆိုထိုက်သည်။ ကျန်းမာရေးကောင်းမွန်ပါက ရွှင်လန်းတက်ကြွပြီး အရာအားလုံးကိုပင် စိတ်ရှိသလောက် စွမ်းဆောင်ဖန်တီးနိုင်သည်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ မိသားစုသိုက်သိုက်ဝန်းဝန်းနှင့် စိတ်ချမ်းမြေ့အောင်ဖန်တီးနိုင်သည်။ လောကတွင် လူတစ်ယောက်သည် စီးပွားဥစ္စာရှာဖွေနိုင်ပြီး မည်မျှချမ်းသာနေပါသော်လည်း၊ ရာထူးစည်းစိမ်မည်မျှမြင့်မားနေပါသော်လည်း ကျန်းမာရေးမကောင်းပါက အရာအားလုံးသည် အချည်းနှီးပင်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်ပါမှ စည်းစိမ်ဥစ္စာ ဂုဏ်ထည်ဝါမှုများကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ သက်ရှည်ကျန်းမာကြံ့ခိုင်စေရန် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုများ၊ အသက်အရွယ်နှင့်ကိုက်ညီသော ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျန်းမာမှသာ စိတ်သွားတိုင်းကိုယ်ပါပြီး မိမိဆန္ဒရှိသည်များကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် အများအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်တွင် ပြည်ပဝယ်ယူမှုများပြားသဖြင့် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး စက်တင်ဘာ ၄**

မန္တလေးဈေးကွက်တွင် ပြည်ပဝယ်ယူမှုများပြားသဖြင့် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲစင်းငုံ(ဖြူ)ကို ယခုလက်ရှိတွင် တရုတ်နိုင်ငံက ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်မှာ မန္တလေးဈေးကွက်အတွင်း၌ ပုံမှန်အနေအထားတွင် ရှိနေကြောင်း၊ ယခု ပဲစင်းငုံ(ဖြူ)များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိမှာ ပဲစင်းငုံ(ဖြူ)တွေကို ပြည်ပအပြင် ပြည်တွင်းက ကုန်သည်တွေပါ ဝယ်ယူမှုတော်တော်လေးများလာပြီး ဈေးကွက်ထဲ အရောင်းအဝယ်က အရင်ကထက် ပိုပြီးကောင်းလာတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲစင်းငုံ(ဖြူ) ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀၀ ထိပေါက်ဈေးရှိခဲ့ပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"အခုလောလောဆယ်တော့ ပဲစင်းငုံ(ဖြူ)တွေ အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ တရုတ်နိုင်ငံကလဲ အခုတစ်လော အဝယ်ပြန်များလာတယ်။ အရင်က တရုတ်ကလဲ အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲစင်းငုံ(ဖြူ)တွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# ကလေးမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံကေ ၂၈၀၀ စိုက်ပျိုးသွားမည်

**ကလေး စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံကေ ၂၈၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံကေ ၂၈၀၀ စိုက်ပျိုးရန်လျာထားပြီး ဂျုံစိုက်ပျိုးမှုကို ယခုနှစ်အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း ဂျုံကေ ၂၈၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်သွားမယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေ အသိပညာပေးဆွေးနွေးတာတွေလုပ်မယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ ပေါင်းရှင်းဖို့ ဆောင်ရွက်ပေးသွားမယ်။ ဂျုံသီးနှံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးသွားမယ်"ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံများအားလုံး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံသီးနှံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ကေစိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် ၃၀၀၀၀၀ ခန့်ရှိပြီး ဂျုံတစ်ကေစိုက်ပျိုးပါက ၂၀ တင်းထွက်ရှိကြောင်းနှင့် ဂျုံကို နိုဝင်ဘာလ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလတို့တွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် ရိတ်သိမ်းကြကြောင်း သိရသည်။

ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံစိုက်ပျိုးမည့်တောင်သူများကို ဂျုံအထွက်နှုန်းတိုးရေးအတွက် တောင်သူများကို ပညာပေးသင်တန်းများပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပုလဲခါတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ့ ကေ ၃၈၀ စိုက်ပျိုးပြီးစီး

**မြောင်းမြ စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ့ ကေ ၃၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ့ ကေ ၃၈၀ လျာထားပြီး ယခုနှစ် ဩဂုတ်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် မြောင်းမြမြို့နယ်တွင် ၂၇၃ ကေ၊ အိမ်မဲမြို့နယ်တွင် ၈၇ ကေ၊ ဝါးခယ်မမြို့နယ်တွင် ကေ ၂၀ စုစုပေါင်း ကေ ၃၈၀ ဖြစ်ကြောင်း သိရသည်။

''မြောင်းမြခရိုင်မှာ ကြံ့ကေ ၃၈၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ကြံ့ကေအားလုံးစိုက်ပျိုးပြီးဖြစ်ပါတယ်။ ကြံ့စိုက်ပျိုးရာမှာ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် လုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပေါင်းစပ်ဆောင်ရွက်ပေးထားပါတယ်။ ကြံ့ကို မြောင်းမြမြို့နယ်မှာ အများဆုံးစိုက်ပျိုးပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ့အပါအဝင် မိုးသီးနှံများအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်စေရန်၊ ရာနှုန်းပြည့် ပြန်လည်ရိတ်သိမ်းနိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများအရောင်းအဝယ်ကောင်းနေ

**ကျောင်းကုန်း စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများထွက်ရှိပြီး ဩဂုတ်လတတိယပတ်မှစတင်ပြီး ယနေ့ထိခရမ်းသီးများအရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေကို အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက ဝယ်ယူမှုများနေပါတယ်။ ကျောင်းကုန်းမြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီးအလုံးရေ ၅၅၀၀၀ ထိတင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ အခုနှစ်ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလည်းကောင်းပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးနှင့် အရှည်သီး နှစ်မျိုးစလုံး အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းသီးအလုံးရေ၁၀၀ လျှင်ငွေကျပ် ၁၁၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ခရမ်းသီးများအပါအဝင် အခြားကုန်စိမ်းများကို ကျောင်းကုန်းဈေးကွက်အပြင် ပုသိမ်၊ ရေကြည်စသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော် ထံမှသိရသည်။ **ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ကိုအောင်နိုင်မိုး-မစင်စင်ထက်တို့က ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၉၈၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၉၈၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၀၂၇၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၈၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ မိုးစပါး ၄၀၂၇၈ ဧကစိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၂၉၈၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာ၊မျိုးတွေ ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ထီးချိုင့်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပေါင်မြို့နယ် ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင် စက်တင်ဘာ ၄**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံကကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပိတောက်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၀ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၅ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၆ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို ၂၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# သာစည်မြို့နယ် ရုံးတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သာစည် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်တိုကျေးရွာအုပ်စု ရုံးတောကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရုံးတောကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရုံးတောကျေးရွာ၌ အရှည် ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ ဒသမ ၆ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လတတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# မြစ်သားမြို့ဟောင်း(အပိုင်း-၁)

**ဗိုလ်ရှိတ်(ရတနာပူရ)**

မြစ်သားမြို့သည် ကျောက်ဆည်မြို့တောင်ဘက် ၁၂မိုင်အကွာရှိ မြို့နယ်ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်သည်။ ရန်ကုန်-မန္တလေး မီးရထားလမ်းနှင့် မြင်းခြံ-မန္တလေး ကားလမ်းဆုံရာ မြို့တစ်မြို့ဖြစ်သည်။ ရန်ကုန်မှ မြစ်သားသို့ မီးရထားလမ်းဖြင့် ၃၄၇ မိုင်ကွာဝေးပြီး ကားလမ်းဖြင့် ၃၉၄ မိုင်ကွာဝေးသည်။

မြစ်သားမြို့သို့သွားမည်ဆိုလျှင် ကျောက်ဆည် မြို့တောင်ဘက် ရန်ကုန်-မန္တလေး လမ်းမကြီး လက်ညှိုးထိုးလမ်းဆုံမှ အနောက်ဘက်သို့ လေးမိုင် သွားရသည်။ မြစ်သားမြို့သည် အရှေ့တောင်နှင့် အနောက်မြောက်ဘက်တွင် အလျားရှည်ပြီး အရှည်ဆုံးအကွာအဝေးသည် ၃၅ မိုင်ခန့်ရှိသည်။ အရှေ့မြောက်နှင့်အနောက်တောင်ဘက်တွင် ကျဉ်းမြောင်းပြီး အကျဉ်းဆုံးနေရာတွင် ငါးမိုင်ခန့်သာရှိသည်။ မြစ်သားမြို့နယ်သည် စတုရန်းမိုင်ပေါင်း ၃၂၈ မိုင်ရှိ၍ ဧရိယာ ၂၀၉၂၈၆ ဧကရှိသည်။ မြစ်သားမြို့၏ အကျယ်အဝန်းမှာ ၆၇၄ ဧကရှိသည်။ ကျေးရွာအုပ်စု ၈၂ အုပ်စုရှိ၍ ကျေးရွာပေါင်း ၂၂၇ ရွာရှိသည်။ မြစ်သားမြို့၏ အရှေ့ဘက်နှင့် တောင်ဘက်တွင် ကသောင်းမြောင်းကြီးသည် ကွေ့ကောက်၍စီးဆင်းနေပြီး အနောက်ဘက်တွင် ပန်းလောင်မြစ်သည် တောင်မှမြောက်သို့ စီးဆင်းနေသည်။

မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၂၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၇ မိနစ်၌တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၄၄၃ ပေတွင်ရှိသည်။

**လယ်တွင်း၁၁ခရိုင်၏ ဗဟိုဌာနချုပ်**

အနော်ရထာမင်းတည်ခဲ့သော လယ်တွင်း ၁၁ ခရိုင်တွင် မြစ်သားမြို့သည် ၁၁ ခရိုင်လုံး၏ ဗဟိုဌာနချုပ်ဖြစ်သည်။ ထို့ကြောင့် ရှေးကျောက်စာတို့တွင် မြစ်သားကိုဗဟိုပြု၍ မြစ်သား ၁၁ ရွာ၊ မြစ်သား ၁၁ ခရိုင်ဟူ၍ ရေးထိုးခဲ့ကြသည်။ မြစ်သား ၁၁ ရွာသူကြီးသည် မြစ်သားမြို့တွင်နေ၍ လယ်တွင်း ၁၁ ခရိုင်စလုံးကို စီရင်အုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။

မြစ်သား ၁၁ ခရိုင်သူကြီးကို သက္ကရာဇ် ၆၁၀ ပြည့်နှစ်(၁၂၄၈)ထိုး ရှင်မဟာကဿပကျောင်းကျောက်စာ၌ "ဆယ်တရွာသူကြီးအစလဘိရဇ်"ဟူ၍ ရေးထိုးထားသည်။ ဤကျောက်စာအရ ကျောက်စာရေးထိုးခဲ့သည့် သက္ကရာဇ် ၆၁၀ ပြည့်နှစ်(၁၂၄၈) ဝန်းကျင်က မြစ်သား ၁၁ ခရိုင်ကို စီရင်အုပ်ချုပ်ရသည်မှာ အစလဘိရဇ်ဖြစ်ကြောင်း သိရသည်။ ထိုကျောက်စာတွင် ၁၁ရွာသူကြီးအပြင် အုပ်ချုပ်ရေးအတွက် သမိုင်းတန်ဖိုးကြီးမားသောအထောက်အထားတစ်ရပ်ကို တွေ့ရ၏။ ၎င်းမှာ ၁၁ ရွာသူကြီးအောက်တွင် ၁၁ ရွာကျီသူကြီးရှိခြင်းပင်ဖြစ်သည်။ ထိုကျောက်စာကြောင်းရေ ၂၅နှင့် ၂၆၌ “ဆယ်တရွာကျီသူကြီးရာဇကုံထိ”ဟူ၍ တွေ့ရသည်။ ကျီသူကြီးဆိုသည်မှာ မြစ်သား ၁၁ ရွာသူကြီးနှင့်တွဲ၍ ၎င်းအောက် ၁၁ ရွာမှရသော အခွန်တော်စပါးတို့ကို ကောက်ခံသိမ်းဆည်း စီမံအုပ်ချုပ်ရသူကိုဆိုခြင်းဖြစ်သည်။ ဤကျောက်စာအရ မြစ်သား ၁၁ ရွာသူကြီးသည် ၁၁ရွာလုံးကို အုပ်ချုပ်ရပြီး ၎င်းအောက်တွင် ၁၁ရွာကျီသူကြီးရှိကြောင်း သိရပေသည်။

မြစ်သားမြို့သည် လယ်တွင်း ၁၁ ခရိုင်၏ဗဟိုဌာနချုပ်ဖြစ်သည်သာမက ပန်းလောင်မြစ်ကြောင်းတစ်လျှောက် ကူးသန်းရောင်းဝယ်ရေးတွင်လည်း အရေးပါသောဆိပ်ကမ်းမြို့ဖြစ်ခဲ့သည်။ ရှမ်းကုန်းမြေမြင့်မှဆင်းသက်လာသော ကုန်သည်များသည် မြစ်သားမြို့၌ စခန်းချရောင်းဝယ်ကြမည်ဖြစ်သည်။ ထိုသို့ မြေပြန့်နှင့် တောင်ပေါ်ဒေသအရောင်းအဝယ်လုပ်ကိုင်ကြသော ကုန်သည်များဖြင့် မြစ်သားမြို့သည် စည်ကားနေမည်ဖြစ်သည်။ ထို့အတူ ပန်းလောင်မြစ်ရိုးတစ်လျှောက် ကုန်တင်လှေများဖြင့် သွားနေကြမည်ဖြစ်သည်။ လယ်တွင်း ကိုးခရိုင်အတွင်းရှိ ဈေးရှိသောဒေသ ၂၂ ခုတွင် မြစ်သားမြို့သည် ဈေးရှိသောမြို့တစ်မြို့ဖြစ်ပေသည်။

**မြို့ပုံစံနှင့်အကျယ်အဝန်း**

မြစ်သားမြို့ဟောင်းသည် ကျေးရွာအဆင့်မဟုတ်ဘဲ မြို့နယ်တစ်နယ်အဖြစ် ဖွံ့ဖြိုးတိုးတက်နေသောကြောင့် ရှေးမြို့ရိုးဟောင်းနေရာကိုတွေ့ဖို့ရန် မလွယ်ကူတော့ပါ။ ထို့အတူ မြို့ရိုးပုံစံမှာလည်း ခန့်မှန်းရခက်ပေသည်။ ယခင်ကွင်းဆင်းလေ့လာခဲ့ကြသော သုတေသီတို့၏မှတ်တမ်းတွင် မြစ်သားမြို့ဟောင်းရာသည် လောကမာန်အောင် မြို့ဦးစေတီ၏အနောက်ဘက်သည် အရှေ့ဘက်မြို့ရိုး၊ စစ်ကဲလမ်းသည် အနောက်ဘက်မြို့ရိုး၊ ၁၁ လမ်းနှင့် ၁၆ လမ်းကြားသည် တောင်ဘက်နှင့်မြောက်ဘက်မြို့ရိုးများဖြစ်သည်ဟု ဖော်ပြခဲ့ကြသည်။

မြစ်သားမြို့ဟောင်းသည် ကွင်းဆင်းလေ့လာသောအခါတွင် ၁၁လမ်း၏တောင်ဘက်တွင်ရှိသော ၁၂ လမ်းမှာ ကျုံးနေရာဟုသိရသည်။ သို့ဖြစ်သောကြောင့် ၁၂ လမ်း၏တောင်ဘက်သည်သာ မြောက်ဘက်မြို့ရိုးဖြစ်မည်ဖြစ်သည်။ ၁၅ လမ်းနေရာသည် တောင်ဘက်မြို့ရိုးဖြစ်နိုင်သည်။

အရှေ့ဘက်မြို့ရိုးကို လေ့လာကြည့်ရာတွင် အခြားသုတေသီတို့က မြို့ရိုးအပြင်ဘက်တွင်ရှိသည်ဟုဆိုသော လောကမာန်အောင် မြို့ဦးစေတီသည် မြို့ရိုးအတွင်း၌သာဖြစ်နိုင်သည်။ ၎င်းစေတီ၏ မြောက်ဘက်တွင်ရှိသော မြို့မအရှေ့ရပ်ကွက်သည် မြို့ရိုးပေါ်တွင်တည်ထားခြင်းဖြစ်သည်။ တစ်ချိန်က ထိုနေရာသည် မြို့ရိုးပေါ်၌ဖြစ်သောကြောင့် အလွန်မြင့်ကြောင်း၊ ယခုသာ အနည်းငယ်ပြေသွားခြင်းဖြစ်ကြောင်း၊ ထိုနေရာ၌နေထိုင်သူတို့က ပြောသည်။ မြို့မအရှေ့ရပ်ကွက်ရှိအိမ်များ၏ အရှေ့ဘက်တွင် ကျုံးနေရာရှိသည်။ ထိုနေရာမှ လောကမာန်အောင် မြို့ဦးစေတီဘက်လှမ်းကြည့်လျှင် စေတီသည် မြို့ရိုးအတွင်း၌သာရှိနိုင်သည်။ မြို့ရိုးပုံစံမှာလည်း စေတီကြီး၏အရှေ့ဘက်မှ မြောက်ဘက်သို့ ခပ်ဝိုက်ဝိုက်ကလေးဖြစ်နေသည်။ မြို့အနောက်ဘက်မျက်နှာမှာ မြို့ရိုးရာမရှိတော့ပါ။ ဒေသခံတို့ဆိုစကားအရ ၁၃လမ်းနှင့် ၁၆ လမ်းကြားရှိ တောင်မြောက်တန်းနေသော စစ်ကဲလမ်းမှာ အနောက်ဘက်မြို့ရိုးပေါ်တွင် ဖောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ စစ်ကဲလမ်းနေရာမှ အနောက်ဘက်ကမ်းနားဘက်သို့ဆင်းသွားလျှင် မြေပြင်မှာသိသိသာသာနိမ့်ဆင်းသွားသည်။ စစ်ကဲလမ်းမြင့်နေရခြင်းမှာ မြို့ရိုးပေါ်တွင် ဖောက်ထားခြင်းကြောင့်သာဖြစ်နိုင်သည်။ ကွင်းဆင်းလေ့လာသည့်နေ့က စစ်ကဲလမ်းရှေ့ဘက်ကပ်လျက် ရေမြောင်းတူးထားရာတွင် အုတ်ကျိုးများစွာကိုတွေ့ခဲ့ရသည်။ အုတ်များကိုတိုင်းတာကြည့်ရာတွင် ထုနှစ်လက်မ၊ အနံခုနစ်လက်မရှိသည်။ ကျိုးနေသောကြောင့် အလျားကိုတိုင်းမရပေ။ ညောင်ရမ်းခေတ်အုတ်များဖြစ်သောကြောင့် မြစ်သားမြို့ဟောင်းကို ညောင်ရမ်းခေတ်က ပြန်လည်ပြုပြင်ခဲ့သည်ဟု ယူဆရသည်။

❖ မြစ်သားမြို့သည် လယ်တွင်း ၁၁ ခရိုင်၏ ဗဟိုဌာနချုပ်ဖြစ်သည်သာမက ပန်းလောင်မြစ်ကြောင်းတစ်လျှောက် ကူးသန်းရောင်းဝယ်ရေးတွင်လည်း အရေးပါသောဆိပ်ကမ်းမြို့ဖြစ်ခဲ့သည်။ ရှမ်းကုန်းမြေမြင့်မှဆင်းသက်လာသော ကုန်သည်များသည် မြစ်သားမြို့၌ စခန်းချရောင်းဝယ်ကြမည်ဖြစ်သည်။ ထိုသို့ မြေပြန့်နှင့် တောင်ပေါ်ဒေသအရောင်းအဝယ်လုပ်ကိုင်ကြသော ကုန်သည်များဖြင့် မြစ်သားမြို့သည် စည်ကားနေမည်ဖြစ်သည်။ ❖

ဤလေ့လာမှုပုံစံအရ ခန့်မှန်း၍ ဆိုရမည်ဆိုလျှင် မြစ်သားမြို့ဟောင်းပုံစံသည် အရှေ့မျက်နှာတွင် ခပ်ဝိုင်းဝိုင်းဖြစ်နေပြီး ကျန်သုံးမျက်နှာမှာ ညီညာသည်ဟု ယူဆစရာဖြစ်နေသည်။ တောင်မြောက်အနံတိုပြီး အရှေ့အနောက်အလျားရှည်သည့် ပုံစံမျိုးဖြစ်သည်။ ထို့ကြောင့် လောကမာန်အောင်မြို့ဦးစေတီ အရှေ့ဘက်နှင့် စစ်ကဲလမ်းကြား၊ ၁၂ လမ်းနှင့် ၁၆ လမ်းကြားကိုတိုင်းတာကြည့်ရာတွင် မြစ်သားမြို့ဟောင်းသည် မြို့ရိုးပတ်လည် အလျားပေါင်း ၃၆၄၇ ပေခန့်ရှည်လျားပြီး ၁၈ ဧကခန့်ကျယ်ဝန်းသည်။ ဤမှာ စစ်ကဲလမ်းနေရာကို အဖြောင့်ထား၍ တိုင်းတာခြင်းဖြစ်သည်။ မြစ်သားမြို့နယ်မှတ်တမ်း၌ အနောက်ဘက်မြို့ရိုးသည်လည်း အရှေ့ဘက်မြို့ရိုးကဲ့သို့ ခပ်ဝိုင်းဝိုင်းလေးပင်ဖြစ်ကြောင်းပြဆိုထားသည်။

**ကျုံး**

ရှေးခေတ်မြစ်သားမြို့၏ကျုံးကို မြို့မြောက်ဘက်တွင်သာ ထင်ရှားစွာတွေ့ရသည်။ ယခု အရှေ့အနောက် ဖောက်လုပ်ထားသော ၁၂ လမ်းနေရာသည် ကျုံးနေရာဖြစ်သည်။ ၎င်းလမ်းကို ရှေးအခါက ကျုံးတန်းလမ်းဟူ၍လည်းခေါ်ကြသကဲ့သို့ ကျုံးကြီးလမ်းဟူ၍ လည်းခေါ်ကြသည်။ ဤလမ်းမှာ အခြားလမ်းများထက် သိသိသာသာနိမ့်နေပြီး ကျုံးသဘောကို ပီပြင်စွာတွေ့ရသည်။ ကျုံးမှာမြို့မြောက်ဘက်တွင်သာရှိခဲ့ဟန်တူသည်။ မြို့အရှေ့ဘက်၊ မြို့တောင်ဘက်နှင့် မြို့အနောက်ဘက်တို့တွင် ကျုံးမရှိပေ။ သို့သော် သဘာဝအလျောက်စီးဆင်းနေသော ကသောင်းမြောင်းနှင့်ပန်းလောင်မြစ်တို့သည် သဘာဝကျုံးကြီးများသဖွယ်ဖြစ်နေသည်။ ကသောင်းမြောင်းသည် မြို့အရှေ့ဘက်မှ မြို့တောင်ဘက်သို့ပတ်၍ အနောက်ဘက်တွင်ရှိသော ပန်းလောင်မြစ်အတွင်းသို့ စီးဝင်သွားသောကြောင့် ကသောင်းမြောင်းသည် မြို့အရှေ့ဘက်နှင့် တောင်ဘက်တွင် ကာရံထားသောကျုံးသဖွယ်ဖြစ်သည်။ ထို့အတူ ပန်းလောင်မြစ်သည်လည်း မြို့အနောက်ဘက်တွင် တောင်မှမြောက်ဘက်သို့ စီးဆင်းနေသောကြောင့် အနောက်ဘက်ကျုံးသဖွယ်ဖြစ်နေသည်။ ထို့ကြောင့် ကသောင်းမြောင်းနှင့် ပန်းလောင်မြစ်သည် သဘာဝကျုံးကြီးများဟု ဆိုနိုင်ပေသည်။

**မြစ်သားမြို့နယ်အကျယ်အဝန်း**

ရှေးခေတ်မြစ်သားမြို့နယ် အကျယ်အဝန်းကို ရှေးခေတ်ပထဝီဝင်ကျမ်းများဖြစ်ကြသော ဇမ္ဗူဒီပဥဆောင်းကျမ်း၊ မြို့ရွာနယ်ပယ်သမိုင်းတို့တွင် ဖော်ပြထားသည်ကိုမတွေ့ရပေ။ လယ်တွင်း ၁၁ ခရိုင်၏ဌာနချုပ်ဖြစ်သော မြစ်သားနယ်အကျယ်အဝန်းကို မတွေ့ရသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်ပေသည်။ ဦးဘသိမ်းပြုစုသော ကိုးခရိုင်သမိုင်းတွင် မြစ်သားစစ်တမ်းကို တွေ့ရသည်။ စစ်တမ်းမှန်သမျှ နယ်လေးရပ်သတ်မှတ်ချက် အကျယ်အဝန်းပါစမြဲဖြစ်သည်။ သို့သော် ထိုမြစ်သားစစ်တမ်းတွင် နယ်လေးရပ်သတ်မှတ်သည်ဟူ၍သာပါပြီး နယ်လေးရပ်သည် မည်သည့်နေရာထိ သတ်မှတ်ထားကြောင်း မပါရှိပေ။

ကျွန်တော်စုဆောင်းထားသော ပျဉ်းမနားစစ်တမ်းတွင် ပျဉ်းမနားမြို့၏အရှေ့ဘက် နယ်နိမိတ်ကိုဖော်ပြရာ၌ **“ပျဉ်းမနားမြို့နယ်မြေသည် အရှေ့အလား ပန်းလောင်မြစ်လျှင် အခြားတဘက် မြစ်သားမြို့နယ်ဝင် ကောင်တာရှေရွာမြေနှင့်အစပ်”**ဟူ၍ ဖော်ပြထား၏။ ဤစစ်တမ်းအရ ပျဉ်းမနားမြို့၏ အရှေ့ဘက်နယ်နိမိတ်အဆုံးသည် ပန်းလောင်မြစ်ဖြစ်၏။ ပန်းလောင်မြစ်၏ အရှေ့ဘက်ကမ်း မြစ်သားမြို့နယ်ဝင် ကောင်တာရှေရွာဟု ဆိုထားသောကြောင့် မြစ်သားနယ်သည် ပျဉ်းမနားအရှေ့ဘက်တွင်ရှိသော ပန်းလောင်မြစ်အရှေ့ဘက်ကမ်းထိ ကျယ်ဝန်းကြောင်း သိရသည်။

**ကျောက်စာများတွင်တွေ့ရသောမြစ်သား**

မြစ်သားဟူသောအမည်ကို ရှေးကရေးထိုးခဲ့သော ကျောက်စာများတွင် များပြားစွာတွေ့ရသည်။ ပုဂံခေတ်ထိုး ကျောက်စာများတွင် မြစ်သားကို မ္လစ်သာဟူ၍သာ အစဉ်တစိုက်ရေးထိုးခဲ့ကြသည်။ မ္လစ်သာဟူသောအမည်ကို အစောဆုံးတွေ့ရသည့် ကျောက်စာမှာ သက္ကရာဇ် ၅၀၉ ခုနှစ်(၁၁၄၇)ထိုး တုရင်ပုထိုးကျောက်စာဖြစ်သည်။ အစောဆုံးတွေ့ရသည် တုရင်ပုထိုးကျောက်စာမှ ပုဂံခေတ်နှောင်းကာလထိရေးထိုးခဲ့သော ကျောက်စာတို့တွင် မြစ်သားအမည်ပါ ကျောက်စာတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မြစ်သာလယ် = တုရင်ပုထိုးကျောက်စာ(ကျော) ၅၀၉ ခုထိုး

၂။ မ္လစ်သာ ၁၀ တခရိုန်=စူဠာမဏိဘုရားကျောက်စာ ၅၄၅ခုထိုး

၃။ မ္လစ်သာရွာလဲ = စောမွန်သင်ကျောက်စာ ၅၅၄ ခုထိုး

၄။ မ္လစ်သာမြေ = ဓမ္မရာဇိကဘုရားကျောက်စာ (မျက်) ၅၆၀ ပြည့်နှစ်ခုထိုး

၅။ မ္လစ်သာအရပ် = နားတောင်းများမင်းကြီး ကျောက်စာ(မျက်) ၅၈၂ ခုထိုး

၆။ မ္လစ်သာ = ကစ္စပိုလ် လင်မယား ကျောက်စာ ၅၉၇ ခုထိုး

၇။ မ္လစ်သာ = ရတနာသုံးပါးအား ကျွန်လှူသောကျောက်စာ ၆၀၁ ခုထိုး

၈။ မ္လစ်သာ = သံဗျင်အစလဘိရစ် ဒါနပတိ မောင်နှံ ကျောက်စာ (ကျော) ၆၀၄ ပြည့်နှစ်ခုထိုး

၉။ မ္လစ်သာခရိုင်ခွင်= ရှင်မဟာကဿပကျောင်း ကျောက်စာ(မျက်) ၆၁၀ ပြည့်နှစ်ထိုး

၁၀။ မ္လစ်သာ = သိင်္ဃသူ့သမီးကျောက်စာ ၆၂၈ ခုထိုး

၁၁။ မြစ်သာတွင် = ဆင်ဖြူသခင်ကျောက်စာ ၆၄၃ ခုထိုး

၁၂။ မ္လစ်သာ = သင်္ခိုင်ရာဇသူနှင့် အမိဘွားစောကျောက်စာ(မျက်) ၆၅၃ ခုထိုး

၁၃။ မ္လစ်သာ = သီဟသူမင်းကြီး ကျောက်စာ (ကျော) ၆၅၈ ခုထိုး

အထက်ပါကျောက်စာများအရ မြစ်သားဟူသောအမည်ကို ပုဂံခေတ်ထိုးကျောက်စာများတွင် မ္လစ်သာဟူ၍သာ အစဉ်တစိုက်ရေး ထိုးခဲ့သည်ကိုတွေ့ရသည်။ သက္ကရာဇ် ၆၃၄ ခုထိုး (၁၂၇၂) ဆင်ဖြူသခင်ကျောက်စာတွင်သာ "မြစ်သာ" ဟူ၍ (ယခုခေတ်သုံးအတိုင်း ရေးထိုးသည်ကို တွေ့ရသည်။

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော သီးနှံစုံ ၁၂၀၇၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးသီးနှံစုံ ၁၂၀၇၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေ၊ မြေအောက်ရေနှင့် ဆိုလာတွဲဖက်အသုံးပြုရေတင်စနစ်တို့ဖြင့် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်သီးနှံ၊ ငှက်ပျော၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေစားသုံးသီးနှံများ စသည့် မိုးသီးနှံစုံစိုက်ဧက ၁၁၁၀၂၂ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး မိုးသီးနှံများကို ဇူလိုင်လကုန်ပိုင်းမှစတင်၍ ရိတ်သိမ်း၊ ခြွေလှေ့လျက်ရှိရာ ယနေ့ထိ မိုးသီးနှံစုံ ၁၂၀၇၆ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံပိုလျှံစေဖို့၊ တောင်သူတွေသီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ သီးနှံစိုက်ပျိုးစွမ်းအားမြင့်မားတိုးတက်စေဖို့ ရည်ရွယ်စိုက်ပျိုးခဲ့တဲ့ မိုးသီးနှံစုံစိုက်ဧက တစ်သိန်းကျော်အနက် ဆောလျင်စွာစိုက်ပျိုးခဲ့တဲ့ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ကုလားပဲနှင့်အစာ၊ အခြားစားသုံးသီးနှံများကို ဒေသခံတောင်သူတွေက ဇူလိုင်လကုန်ပိုင်းကစပြီး ရိတ်သိမ်းခဲ့တာမှာ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့ကတော့ မြေပဲ တစ်ဧက ၅၄ ဒသမ ၃၂ တင်း၊ နှမ်းတစ်ဧက ၈ ဒသမ ၁၂ တင်း၊ ပဲတီစိမ်းတစ်ဧက ၁၉ ဒသမ ၃၂ တင်း၊ ကုလားပဲနှင့်အစာ တစ်ဧက ၂၃၃၀ ထုံး၊ အခြားစားသုံးသီးနှံတွေဖြစ်တဲ့ ဟင်းသီးဟင်းရွက် တစ်ဧက ၃၅၂၀ ပိဿာ၊ အုန်း ၄၁၆၂ ခိုင်၊ ငှက်ပျော ၁၄၃၂ ခိုင်၊ သစ်သီးပင်တစ်ဧက ၁၄၆၅၈ လုံး စိုက်ပျိုးထွက်ရှိပါတယ်။ မိုးသီးနှံများ သိမ်းဆည်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှုတွေ မဖြစ်စေဖို့အတွက် စနစ်တကျ သိမ်းဆည်းနိုင်ဖို့ ဒေသခံတောင်သူတွေကို အချိန်မီသီးနှံရိတ်သိမ်းနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများစိုက်ပျိုးထားသည့်သီးနှံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲတတ်စေရေးနှင့် အချိန်မီသီးနှံရိတ်သိမ်းနည်းစနစ်များသိရှိလိုက်နာနိုင်ရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ရေနံချောင်းမြို့နယ် အုတ်လှကျေးရွာ၌ ဆိုလာစနစ်ဖြင့်ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေနံချောင်း စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ညောင်ပင်အိုင့်ကျေးရွာအုပ်စု အုတ်လှကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အုတ်လှကျေးရွာ၌ 7.6KW ဆိုလာစနစ်ဖြင့်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရေနံချောင်းမြို့နယ် အုတ်လှကျေးရွာ၌ 7.6KW ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်၁၅သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပေးနိုင်မှုကြောင့် အုတ်လှကျေးရွာရှိ အိမ်ခြေ ၁၃၆ အိမ်၊ လူဦးရေ ၆၁၅ ဦးတို့အတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

နော်လူး

# မေတ္တာခြုံလွှမ်း ထွေးပွေ့မြန်းစေ

- ပြည်လူ့ဘောင် ဘဝလမ်း
ဖြတ်သန်းရင်း လှမ်းခိုက်မှာ၊
ကြောင်းကျိုးနှယ် အားပြိုင်သမျှ
ကြုံရမည်သာ၊
အကောင်းအဆိုး ကွဲပြားစွာ
ခွဲခြားကာ မြင်နိုင်မှ၊
လမ်းဖြောင့်မှန် ရှင်ကြည်မွေ့လို့
လှမ်းဆက်နှင် ဘဝတစ်ကွေ့
ချမ်းမြေ့လှပ။

- ကိုယ့်လှမ်းခြေ လိုရာဆွဲလို့
လမ်းကြောင်းလွဲ မသင့်ပေ၊
အမှားအမှန် အယူအစွဲ
ချင့်ခွဲနိုင်စေ၊
အစွန်းရောက် နယ်ကျုံလေ
လမ်းဗီသွေ ပျက်ယိုယွင်း၊
ဖြစ်သင့်ရာ ရပ်တည်လှမ်းလို့
အမြင်ကြည် ရောင်ဟပ်လွှမ်းမှ
လမ်းဖြောင့် ဘေးကင်း။

- ဆန္ဒအလို ကောက်ကြောင်းပျိုး
ဇောရိပ်မိုး ကြောင်းထိုထို၊
အမြင်မတူ စည်းဘောင်ခြား
မပျက်ပြားစေလို၊
အမှားတွေ့က လမ်းပြဆို
မေတ္တာပို အားဖြည့်လောင်း၊
အမှားဟူ ကင်းနိုင်ခဲပင်မို့
အစွဲပြယ် လမ်းမှန်ရပ်နိုင်ဖို့
ထိန်းမတ် လမ်းကျောင်း။

- လောကသာယာ ဘဝလှဖို့
မေတ္တာဓမ္မ ကိန်းမွေ့ပါ၊
မေတ္တာသည်လျှင် ရန်ပေါင်းလင်းသည့်
အောင်ခြင်းမှန်စွာ၊
ကရုဏာနဲ့ မုဒိတာ
လွှမ်းထပ်ကာ ကိုယ်စီမြန်း၊
ဘဝစခန်းတွင်
ခဏကျွမ်းဝင် ကြုံဆုံရခိုက်
ပြုသမျှယှဉ်ရာ ခန္ဓီနှလုံးတွေနဲ့
သုခမင်္ဂလာ ရန်ပလီမဖုံးရအောင်
အပြုံးပန်းဆင် ချစ်ခြင်းပွေ့လို့
(ဆွေတို့လေ)
ရှေ့ဆက်ရင်း လှမ်း။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

## နိုင်ငံတကာ သတင်းများ

# ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်း ဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်၏ အစိုးရအဖွဲ့သစ်ကို အတည်ပြု

**ဗန်ကောက် စက်တင်ဘာ ၄**

ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်းသည်ဝန်ကြီးချုပ်ဖယ်ထုန်ထန်ရှင်နာဝပ်၏ညွန့်ပေါင်းအစိုးရအဖွဲ့သစ်ကို ယနေ့တွင် အတည်ပြုခဲ့သည်။

ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့သစ်တွင် ဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်ဦးဆောင်သည့် ဖွေထိုင်းပါတီက အဓိကအင်အားစုအဖြစ်ပါဝင်နေဆဲဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးနေရာများအပါအဝင် ဝန်ကြီးဌာန ၁၇ ခုကို ရယူထားသည်။

ညွန့်ပေါင်းအစိုးရ အဖွဲ့သစ်၏ဝန်ကြီးနေရာ ၃၆ နေရာအနက် ကျန် ၁၉ နေရာတွင် ညွန့်ပေါင်းအုပ်စု၌ပါဝင်သည့် မိတ်ဖက်ပါတီများက ခွဲဝေရယူထားကြောင်း သိရသည်။

ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့သစ်

အစိုးရအဖွဲ့ဝင် ဝန်ကြီး ၃၆ ဦးအနက် ၁၂ ဦးမှာ လူသစ်များဖြစ်ကြကြောင်း ထိုင်းပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်၏ ညွန့်ပေါင်းအစိုးရအဖွဲ့သစ်သည် ၎င်း၏ မူဝါဒရေးရာအဆိုပြုချက်များကို လာမည့် ရက်သတ္တပတ်အတွင်း အဆိုပြုဖွယ်ရှိသည်။

ပြီးခဲ့သည့်လအတွင်း ထိုင်းဝန်ကြီးချုပ်ရာထူး ရရှိခဲ့သည့် အသက် ၃၈ နှစ်အရွယ် ဖယ်ထုန်ထန်ရှင်နာဝပ်သည် ထိုင်းနိုင်ငံ၏ အသက်အငယ်ဆုံး ဝန်ကြီးချုပ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အီဂျစ်သမ္မတ အယ်လ်စီစီ တူကီယဲနိုင်ငံသို့ သွားရောက်မည်



**အင်ကာရာ စက်တင်ဘာ ၄**

အီဂျစ်သမ္မတ အယ်လ်စီစီသည်တူကီယဲနိုင်ငံသို့ သွားရောက်၍ တူကီယဲသမ္မတ အာဒိုဂန်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ၁၂ နှစ်တာကာလအတွင်း အီဂျစ်သမ္မတတစ်ဦး၏ ပထမဆုံးတူကီယဲခရီးစဉ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

တူကီယဲသမ္မတအာဒိုဂန်သည်လည်း ၂၀၁၂ ခုနှစ် နောက်ပိုင်း ပထမဆုံး အီဂျစ်ခရီးစဉ်အဖြစ် ယခုနှစ်ဖေဖော်ဝါရီလတွင် ကိုင်ရိုမြို့သို့သွားရောက်ခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် အီဂျစ်သမ္မတနှင့် တူကီယဲသမ္မတတို့ အနေဖြင့် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း တူကီယဲသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အီဂျစ်သမ္မတနှင့် တူကီယဲသမ္မတတို့သည် လက်ရှိပေါ်ပေါက်နေသော ဒေသတွင်းပြဿနာများ၊နိုင်ငံတကာပြဿနာများနှင့်ပတ်သက်၍လည်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်စစ်ဘက်က တူကီယဲ၏အဓိကမဟာမိတ် မိုဟာမက်မော်စီကို ၂၀၁၃ ခုနှစ်တွင်ဖယ်ရှားခဲ့ပြီးနောက် တူကီယဲနှင့် အီဂျစ်နိုင်ငံတို့ကြားဆက်ဆံရေးတင်းမာခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အစမ္မပြုကျင့်သူများကို သေဒဏ်ချမှတ်နိုင်မည့်ဥပဒေကြမ်း အနောက်ဘင်ဂေါလ်လွှတ်တော် အတည်ပြု

**ဒေလီ စက်တင်ဘာ ၄**

အဓမ္မပြုကျင့်မှု ကျူးလွန်သူများကို သေဒဏ်အပြစ်ပေးနိုင်ရန် လမ်းဖွင့်ပေးထားသော ဥပဒေကြမ်းတစ်ရပ်ကို အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါလ်ပြည်နယ် ပြည်နယ်လွှတ်တော်က စက်တင်ဘာ ၃ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

ပြည်နယ်မြို့တော် ကိုလ်ကတ္တားမြို့၌ အမျိုးသမီးအလုပ်သင်ဆရာဝန်တစ်ဦးအဓမ္မပြုကျင့်သတ်ဖြတ်ခံခဲ့ရပြီးနောက် အဆိုပါဥပဒေကြမ်းကို အနောက်ဘင်ဂေါလ်ပြည်နယ် လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၉ ရက်တွင် ဖြစ်ပွားခဲ့သည့် အမျိုးသမီး အလုပ်သင်ဆရာဝန် အဓမ္မပြုကျင့်သတ်ဖြတ်ခံရမှုကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ဆန္ဒပြပွဲများ နေ့စဉ်ရက်ဆက်ဖြစ်ပွားခဲ့ရသည်။

အနောက်ဘင်ဂေါလ်ပြည်နယ်လွှတ်တော်၏ အဓမ္မပြုကျင့်မှုဆန့်ကျင်ရေး ဥပဒေကြမ်းကို အိန္ဒိယသမ္မတက အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

အိန္ဒိယ တစ်နိုင်ငံလုံးတွင် အိန္ဒိယ ရာဇသတ်ကြီးဥပဒေကိုသာ တစ်သမတ်တည်း ကျင့်သုံးသည်ဖြစ်ရာ အနောက်ဘင်ဂေါလ်ပြည်နယ်၏ အဆိုပါဥပဒေကြမ်းမှာ သဘောမျှလောက်သာ ပြဋ္ဌာန်းသည့် ဥပဒေမျိုးဖြစ်လာနိုင်သည်။

သို့ရာတွင် သမ္မတ၏ အတည်ပြုချက်ရရှိခဲ့ပါက ခွင်းချက်အနေဖြင့် ၎င်းဥပဒေကို ပြည်နယ်ဥပဒေတစ်ခုအဖြစ် လက်တွေ့ကျင့်သုံးနိုင်မည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမေဇုန်တောတွင်းနေလူမျိုးစုနှင့် သစ်ခုတ်သမားများအကြား ပဋိပက္ခဖြစ်ပွား

**လီမာ စက်တင်ဘာ ၄**

ပီရူးနိုင်ငံ အမေဇုန်မိုးသစ်တောအတွင်း ပြင်ပကမ္ဘာနှင့် အဆက်ဖြတ်၍ သီးခြားနေထိုင်သည့် ဌာနေတိုင်းရင်းသား လူမျိုးစုဝင်များနှင့် တရားမဝင် သစ်ခုတ်သမားများအကြား ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် သစ်ခုတ်သမား နှစ်ဦးသေဆုံး၍ နှစ်ဦး ပျောက်ဆုံးနေကြောင်း ပီရူးတာဝန်ရှိသူများက စက်တင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မက်ရှ်ကိုပီရိုအမည်ရှိ ဌာနေတောတွင်းလူမျိုးစုနှင့် သစ်ခုတ်သမားများအကြား ပဋိပက္ခမှာ ဩဂုတ် ၂၉ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပီရူးတာဝန်ရှိသူများကပြောကြားသည်။

အဆိုပါဖြစ်စဉ်တွင် မာဒရီဒီဒီအော့စ်ခရိုင် မိုးသစ်တောနယ်မြေ၌ လမ်းဖောက်နေသော သစ်ခုတ်သမားများကို မက်ရှ်ကိုပီရိုလူမျိုးစုဝင်များက လေး၊ မြှားများသုံး၍ တိုက်ခိုက်ခဲ့ကြကြောင်း ပီရူးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ဖြစ်စဉ်အတွင်း သစ်ခုတ်သမား နှစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာများရခဲ့ပြီး နှစ်ဦး ပျောက်ဆုံးနေကြောင်း အမေဇုန်မိုးသစ်တော တောတွင်းလူမျိုးစုများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများက သတင်းထုတ်ပြန်ထားသည်။

မက်ရှ်ကိုပီရို တောတွင်းလူမျိုးစုနေထိုင်ရာ သစ်တောနယ်မြေသစ်မှာ သစ်ထုတ်လုပ်ရေးလုပ်ငန်းများ နယ်မြေချဲ့ထွင်လာမှု၏ ဖိအားနှင့် ရင်ဆိုင်နေရသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြားကာလအတွင်း မက်ရှ်ကိုပီရိုတောတွင်းလူမျိုးစုနှင့် ဖြစ်ပွားခဲ့သောပဋိပက္ခများအတွင်း အနည်းဆုံး လူလေးဦး သေဆုံးခဲ့ရသည်ဟု ပီရူး ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အိန္ဒိယကမ်းခြေစောင့်တပ်ရဟတ်ယာဉ် အာရေဗီးယန်းပင်လယ်၌ပျက်ကျ




**ဒေလီ စက်တင်ဘာ ၄**

အိန္ဒိယ ကမ်းခြေစောင့်တပ်မှ ရဟတ်ယာဉ်တစ်စင်းသည် စက်တင်ဘာ ၃ ရက်က ကယ်ဆယ်ရေးလုပ်ငန်းတစ်ခု ပြုလုပ်နေစဉ် အာရေဗီးယန်းပင်လယ်ထဲသို့ ပျက်ကျခဲ့ရကြောင်း သိရသည်။

အဆိုပါရဟတ်ယာဉ်ပျက်ကျမှုအတွင်း လိုက်ပါသွားသူသုံးဦး ပျောက်ဆုံးလျက်ရှိရာ အိန္ဒိယ ကမ်းခြေစောင့်တပ်က သင်္ဘောလေးစီးနှင့် လေယာဉ်နှစ်စင်း စေလွှတ်၍ ရှာဖွေနေကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယင်း ကမ်းခြေစောင့်တပ်ရဟတ်ယာဉ်သည်အိန္ဒိယအနောက်ပိုင်းဂူဂျာရတ်ပြည်နယ် ကမ်းရိုးတန်းနှင့် ၄၅ ကီလိုမီတာအကွာ ရေပြင်အတွင်း၌ အိန္ဒိယရေနံတင်သင်္ဘောတစ်စီးပေါ်မှ ဒဏ်ရာရသူတစ်ဦးကို ခေါ်ထုတ်ရန်ကြိုးပမ်းစဉ် ပျက်ကျခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ်သည် အရေးပေါ် ဆင်းသက်မှုတစ်ရပ် ပြုလုပ်နေစဉ်မှာပင် အာရေဗီးယန်းပင်လယ်ထဲ ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း အိန္ဒိယကမ်းခြေစောင့်တပ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။


ယင်း ကမ်းခြေစောင့်တပ် ရဟတ်ယာဉ်နှင့် အဖွဲ့သားများသည် ယခုနှစ်ဩဂုတ်လအတွင်း ကုန်းတွင်းပိုင်း ရေဘေးများ၌ ကယ်ဆယ်ရေးလုပ်ငန်းများပြုလုပ်ရာတွင်ပါဝင်ခဲ့ကြသူများဖြစ်သည်။

လက်ရှိအချိန်တွင် ပျက်ကျခဲ့သည့် ရဟတ်ယာဉ်အစိတ်အပိုင်းများကို အိန္ဒိယကမ်းခြေစောင့်တပ်က ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံခန့်က အရွယ်အစားလွန်စွာကြီးမားသည့် ဂြိုဟ်သိမ်တစ်စင်းဝင်တိုက်မှုကြောင့် ဂါနီမီဒီဂြိုဟ်ရံလ၏ဝင်ရိုးနေရာ ရွေ့ခဲ့ရ



**တိုကျို စက်တင်ဘာ ၄**

လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံခန့်က အရွယ်အစား လွန်စွာကြီးမားသည့် ဂြိုဟ်သိမ်တစ်စင်း ဝင်တိုက်မှုကြောင့် ဂါနီမီဒီဂြိုဟ်ရံလ၏ ဝင်ရိုးနေရာ ရွေ့ခဲ့ရကြောင်း စက်တင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

ဂါနီမီဒီဂြိုဟ်ရံလသည် ကြာသပတေးဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်သကဲ့သို့ နေအဖွဲ့အစည်း၏ အကြီးမားဆုံးဂြိုဟ်ရံလလည်း ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဂျပန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဂါနီမီဒီဂြိုဟ်ရံလ၏ ဝင်ရိုးမှာရောမ ဂြိုဟ်သိမ်ကြီးတစ်စင်း ဝင်တိုက်မှုကြောင့် လက်ရှိနေရာသို့ရွေ့လာခဲ့ရကြောင်း သိရသည်။

ဂါနီမီဒီဂြိုဟ်ရံလကို ဝင်တိုက်ခဲ့သော ဂြိုဟ်သိမ်မှာ အရွယ်အစားအားဖြင့် အချင်းကီလိုမီတာ ၃၀၀ ထိရှိရာ လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ကမ္ဘာပေါ်သို့ကျရောက်ခဲ့ပြီး ဒိုင်နိုဆောသတ္တဝါများပျောက်ကွယ်ခဲ့ရသော ချစ်ဆူးလက်ဘ် ဂြိုဟ်သိမ်ထက် အဆပေါင်း ၂၀ ပိုကြီးမားကြောင်း ဂျပန်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ထို့ပြင် အထက်ပါရောမဂြိုဟ်သိမ် ကျရောက်ခဲ့မှုကြောင့် ဂါနီမီဒီဂြိုဟ်ရံလ မျက်နှာပြင်ပေါ်တွင် အချင်းကီလိုမီတာ ၁၄၀၀ မှ ၁၆၀၀ ထိရှိသော ဥက္ကာချိုင့်ဝှမ်းတစ်ခု ပေါ်ထွက်လာခဲ့ကြောင်း သိရသည်။

မြေအောက်သမုဒ္ဒရာများ တည်ရှိသည့် ဂါနီမီဒီဂြိုဟ်ရံလသည် ဥရောပအာကာသအေဂျင်စီက လွှတ်တင်ထားသော JUICE ကြာသပတေးဂြိုဟ်စနစ် လေ့လာရေးအာကာသယာဉ်၏နောက်ဆုံး ခရီးပန်းတိုင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ကျောက်ကပ်ကင်ဆာကုသည့်ဆေးတစ်မျိုးက နှလုံးဖောက်နိုင်ခြေကို လျှော့ချပေးနိုင်

**လန်ဒန် စက်တင်ဘာ ၄**

ကျောက်ကပ်ကင်ဆာရောဂါကို ကုသရေးအတွက် အသုံးပြုနေကြသည့် ဆေးဝါးတစ်မျိုးသည် နှလုံးရှုတ်တရက်ဖောက်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၃ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ Aldesleukin အမည်ရှိ ကျောက်ကပ်ကင်ဆာဆေးသည် ရောင်ရမ်းမှုအဆင့်ကို လျှော့ချပေးခြင်းဖြင့် နှလုံးရှုတ်တရက်ဖောက်မှုပြဿနာ တစ်ဖန်ပေါ်လာနိုင်ခြေကို လျှော့ချပေးကြောင်း သိရသည်။

Aldesleukin ဆေးသည် ရောင်ရမ်းမှုအဆင့်ကို စတာတင် (Statin) ဆေးများလျှော့ချပေးနိုင်သလောက်ပင် လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

ရောင်ရမ်းမှုပြဿနာသည် နှလုံးသွေးကြောဆိုင်ရာရောဂါများ၏ အဓိကနောက်ခံအကြောင်းတရားဖြစ်ကြောင်း ဆေးပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် နှလုံးရှုတ်တရက်ဖောက်နိုင်ခြေမြင့်မားသူများကို Aldesleukin ဆေး အချိန်အဆလျှော့ချ၍ ထိုးနှံပေးခဲ့ရာ နှလုံးသွေးကြောများ ရောင်ရမ်းမှုကို ပုံမှန်ထက် ၇ ဒသမ ၇ ရာခိုင်နှုန်း လျှော့ချပေးနိုင်ခဲ့သည်ကို ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း သိရသည်။

Aldesleukin ကင်ဆာဆေးသည် နှလုံးရှုတ်တရက်ဖောက်နိုင်ခြေကို လျှော့ချရေးအတွက် အဓိကကုထုံးတစ်မျိုးဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ဒုတိယအသုတ် ယောင်ကန်း-၄၃ ဂြိုဟ်တုအုပ်စုကို လွှတ်တင်ခဲ့

**ပေကျင်း စက်တင်ဘာ ၄**

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ဒုတိယအသုတ် ယောင်ကန်း-၄၃ ဂြိုဟ်တုအုပ်စုကို စက်တင်ဘာ ၂ ရက်တွင် လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

ယောင်ကန်း-၄၃ ဂြိုဟ်တုများကို လောင်းမတ်ချ်-၄ ဘီ ဒုံးပျံဖြင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီချန်းဂြိုဟ်တု လွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒုတိယအသုတ် ယောင်ကန်း-၄၃ ဂြိုဟ်တုများ လွှတ်တင်မှုအောင်မြင်ကြောင်းကို တရုတ်အမျိုးသား အာကာသအေဂျင်စီက လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် အတည်ပြုကြေညာခဲ့သည်။

ယောင်ကန်း-၄၃ (၀၂)ဟူ၍ အမည်ပေးထားသည့် အဆိုပါမစ်ရှင်တွင် လောင်းမတ်ချ်-၄ ဘီ ဒုံးပျံသည် ယောင်ကန်း-၄၃ ဂြိုဟ်တုခြောက်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ယခုနှစ် ဩဂုတ်လက ယောင်ကန်း-၄၃ ဂြိုဟ်တု သုံးစင်းပါဝင်သည့် ယောင်ကန်း-၄၃ (၀၁)မစ်ရှင်ကို လွှတ်တင်ထားပြီးဖြစ်ရာ လက်ရှိအချိန်တွင် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ယောင်ကန်း-၄၃ ဂြိုဟ်တု ကိုးစင်းထိရှိနေပြီဖြစ်သည်။

တရုတ်နိုင်ငံသည် ယောင်ကန်း- ၄၃ ဂြိုဟ်တုများနှင့်ပတ်သက်၍ လျှို့ဝှက်ထားပြီး နည်းပညာစမ်းသပ်ရေး ဂြိုဟ်တုများဟူ၍သာ တရုတ်အစိုးရမီဒီယာများက ကြေညာထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## သွေးခြောက် သွေးစစ်နည်းတစ်မျိုးက ဆီးကျိတ်ကင်ဆာကို ၁၅ မိနစ်အတွင်း ဖော်ထုတ်နိုင်

**လန်ဒန် စက်တင်ဘာ ၄**

အခြောက်ခံထားသည့် သွေးနမူနာများကို အသုံးပြုသည့် သွေးစစ်နည်း တစ်မျိုးသည် ဆီးကျိတ်ကင်ဆာရောဂါကို ၁၅ မိနစ်အတွင်း ဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၃ ရက်တွင် ပြောကြားသည်။

အဆိုပါ သွေးစစ်နည်းသည် အရည်ဓာတ်ဖယ်ထုတ်ပေးထားသည့် အခြောက်ခံသွေးနမူနာများအတွင်းရှိ ပုံဆောင်ခဲပုံစံဇီဝဖွဲ့စည်းပုံများကို လေ့လာဆန်းစစ်ခြင်းဖြင့် ဆီးကျိတ်ကင်ဆာရောဂါကို ဖော်ထုတ်ပေးနိုင်သည်ဟု ဗြိတိန်နိုင်ငံ အက်စတန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အထက်ပါသွေးစစ်နည်းကိုသုံး၍ ဆီးကျိတ်ကင်ဆာလူနာများနှင့်ပုံမှန်ကျန်းမာရေးရှိသူများထံမှ ရယူထားသော သွေးခြောက်နမူနာ ၁၀၈ ခုကို စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

၎င်းစမ်းသပ်မှုမှပေါ်ထွက်လာသည့်ရလဒ်များအရ သွေးခြောက်နမူနာစစ်ဆေးမှုပုံစံသည် ဆီးကျိတ်ကင်ဆာရောဂါရှိ၊မရှိကို ၁၅ မိနစ်အတွင်း ဖော်ထုတ်ပေးနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

သွေးခြောက်နမူနာများအတွင်းရှိ သွေးပရိုတင်း ဖွဲ့စည်းပုံများ အပြောင်းအလဲသည် ဆီးကျိတ်ကင်ဆာရောဂါ ရှိ၊မရှိကို ပြသနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News

Trs : KKO



## Bepicolombo အာကာသယာဉ် ဒုံးကန်အားစနစ်ပြဿနာကြောင့် ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်နိုင်မည့်အချိန် နှောင့်နှေးကြန့်ကြာသွားနိုင်

**ပဲရစ် စက်တင်ဘာ ၄**

ဥရောပအာကာသအေဂျင်စီ၏ Bepicolombo အာကာသယာဉ်သည် ဒုံးကန်အားစနစ်ပြဿနာကြောင့် ဗုဒ္ဓဟူးဂြိုဟ် ပတ်လမ်းအတွင်း ဝင်ရောက်နိုင်မည့်အချိန် နှောင့်နှေးကြန့်ကြာသွားနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

Bepicolombo အာကာသယာဉ်သည် ယနေ့တွင် ဗုဒ္ဓဟူးဂြိုဟ်ကို စတုတ္ထအကြိမ်အဖြစ် အနီးကပ် ဖြတ်ကျော်ပျံသန်းရန် စီစဉ်ထားသည်။

သို့ရာတွင် ဗုဒ္ဓဟူးဂြိုဟ်ကို စတုတ္ထအကြိမ် အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ပြီးလျှင်ပင် ဒုံးကန်အားစနစ်ပြဿနာကြောင့် Bepi-colombo အာကာသယာဉ်မှာ ၂၀၂၆ ခုနှစ် နိုဝင်ဘာလမှသာ ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း ဥရောပအာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

မူလက Bepicolombo အာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်းသို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ဝင်ရောက်ရန် စီစဉ်ထားသည်။

အဆိုပါအာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ် ပတ်လမ်းအတွင်း ဝင်ရောက်နိုင်ရေးအတွက် ဒြပ်ဆွဲအားအကူအညီများရယူ၍ ကမ္ဘာဂြိုဟ်ကိုနှစ်ကြိမ်၊ သောကြာဂြိုဟ်ကိုနှစ်ကြိမ်နှင့် ဗုဒ္ဓဟူးဂြိုဟ်ကို ခြောက်ကြိမ်ထိ အနီးကပ်ဖြတ်ကျော်ပျံသန်းရန် လိုအပ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# US Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဆာဘာလင်ကာတက်ရောက်

**နယူးယောက် စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် တရုတ်တင်းနစ်မယ် ကျန်းကွင်းဝမ်နှင့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကျန်းကွင်းဝမ်အနေဖြင့် ကွာတားဖိုင်နယ်အဆင့် ရောက်သည်အထိ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သော်လည်း နေရာဒေသ စံတော်ချိန် ကွာဟချက်ကြောင့် အိပ်ရေးပျက်ကာ ပွဲပန်းနေသည့်အတွက် ကွာတားဖိုင်နယ်အဆင့်တွင် ပုံစံကောင်းပျောက်ဆုံးခဲ့သည်။

ဆာဘာလင်ကာ အနေဖြင့် အမေရိကန်နိုင်ငံတွင် ကစားသည့် အတွေ့အကြုံကောင်းများရှိသည့် အတွက်ကြောင့်လည်း ပွဲပန်းဒဏ်မခံရဘဲ ကြံ့ခိုင်မှုအပြည့်ဖြင့် ကစားနိုင်ခဲ့ပြီး နိုင်ပွဲရခဲ့သည်။

ဆာဘာလင်ကာသည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် နာဗာရိုနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

ဆာဘာလင်ကာက "နာဗာရိုဟာ ထူးချွန်တဲ့ ကစားသမားတစ်ယောက်ပါ။ နာဗာရိုနဲ့က ကစားသမားဘဝ သက်တမ်းမှာ နှစ်ကြိမ်တိုင်တိုင် ယှဉ်ပြိုင်ကစားခဲ့ဖူးတယ်။ ကစားရခက်တဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ သူ့ကိုအနိုင်ရဖို့ဆိုတာတော့ ခက်ခဲလိမ့်မယ်။ နာဗာရိုနဲ့ပွဲစဉ်မှာ ပရိသတ်တွေရဲ့ အားပေးမှု တချို့တစ်ဝက် လောက်တော့ရမယ်လို့ မျှော်လင့်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- အေဗီလာအသင်းသည် ပရီးမီးယားလိဂ်၏ ဝင်ငွေထွက်ငွေစည်းမျဉ်းကို ကျော်ဖြတ်နိုင်ရန် ပြီးခဲ့သည့် ဇွန် ၃၀ ရက် မတိုင်မီ ဝင်ငွေ စတာလင်ပေါင် ၄၂ သန်းရရှိရန် ကြိုးပမ်းရမည်ဖြစ်သော်လည်း ဒေါက်ကလပ်လူးဝစ်ကို သတ်မှတ်ကာလကျော်လွန်ပြီးမှ ရောင်းချနိုင်ခဲ့သဖြင့် ရမှတ် ၁၀ မှတ် လျှော့ပြစ်ဒဏ်နှင့် ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။
- မန်ယူအသင်းက လီဗာပူးအသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ပြီးချိန်တွင် ကက်စမဲရိုးကို အငှားစေလွှတ်ရန် ဆုံးဖြတ်ခဲ့သောကြောင့် ဂါလာတာစာရေးအသင်းက ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။
- ခံစစ်ကစားသမား ထရစ်ပီယာက နယူးကာဆယ်အသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ခက်ခဲလာသောကြောင့် အသင်းနှင့် နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ML**

# လက်စတာအသင်း အယူခံအောင်မြင်မှုကြောင့် ရမှတ်လျှော့ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိ



**လန်ဒန် စက်တင်ဘာ ၄**

ယခုနှစ်တွင် ပရီးမီးယားလိဂ်သို့ တန်းတက်လာသည့် လက်စတာအသင်းသည် ပရီးမီးယားလိဂ်တွင် ကစားခဲ့စဉ်က ဝင်ငွေထွက်ငွေ စည်းမျဉ်းချိုးဖောက်ခဲ့သောကြောင့် ရမှတ်လျှော့ပြစ်ဒဏ်နှင့် ရင်ဆိုင်ခဲ့ရသော်လည်း ယခုအခါ အယူခံအောင်မြင်ခဲ့သဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် ရရှိခဲ့သည်။

လက်စတာအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဆုဖလား ရရှိခဲ့ကာ ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်ခွင့် ရရှိခဲ့ချိန်တွင် ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က လက်စတာအသင်းကို ၂၀၂၃ ခုနှစ် ဇွန် ၃၀ ရက်တွင် အသင်း၏ ငွေစာရင်းများ ပိတ်သိမ်းချိန်တွင် ဝင်ငွေထွက်ငွေ စည်းမျဉ်းချိုးဖောက်မှုဖြင့် တရားစွဲဆိုခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်သို့ အယူခံတင်သွင်းခဲ့ကြောင်း သိရသည်။

သို့သော် လက်စတာအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကာလရှည်ကစားခဲ့ရခြင်း မဟုတ်ဘဲ ပရီးမီးယားလိဂ်အဖွဲ့ချုပ်က စတင်တရားစွဲဆိုသည့်အချိန်တွင် ချန်ပီယံရှစ်ကလပ်သို့ တန်းဆင်းခဲ့ရသောကြောင့် ပရီးမီးယားလိဂ်က ချမှတ်ထားသည့် စည်းမျဉ်းနှင့် ကိုက်ညီမှုမရှိခဲ့ဘဲ အယူခံအောင်မြင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က ကလပ်အသင်းတစ်သင်းအနေဖြင့် ဘောလုံးရာသီ သုံးရာသီအတွင်း အသုံးစရိတ် စတာလင်ပေါင် ၁၀၅ သန်းထိ ဆုံးရှုံးခွင့် ပြုထားသောကြောင့် လက်စတာအသင်းသည် ပရီးမီးယားလိဂ်က စတင်တရားစွဲဆိုခဲ့သည့် သတ်မှတ်ကာလအတွင်း ဝင်ရောက်မှုမရှိခဲ့သဖြင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်က ရမှတ်လျှော့ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်၏ ဝင်ငွေထွက်ငွေ စည်းမျဉ်း ချိုးဖောက်ခဲ့မှုကြောင့် နော်တင်ဟမ်အသင်းနှင့် အဲဗာတန်အသင်းတို့သည် ရမှတ်လျှော့ပြစ်ဒဏ်များ ကျခံခဲ့ရကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**

# နေးရှင်းလိဂ်ပြိုင်ပွဲကစားမည့် အင်္ဂလန်အသင်းလူစာရင်းတွင် ဖိုဒန်၊ ပယ်မာ၊ ဝက်ကင်းတို့ ချန်လှပ်ခံရ

**လန်ဒန် စက်တင်ဘာ ၄**

နိုင်ငံတကာပြိုင်ပွဲ ကာလတွင် ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ပြိုင်ပွဲကစားရမည့် အင်္ဂလန်အသင်းလူစာရင်းတွင် ဖိုဒန်၊ ပယ်မာ၊ ဝက်ကင်းတို့ ပါဝင်ခြင်းမရှိခဲ့ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်သည် ယူရိုပြိုင်ပွဲအပြီးတွင် အသင်းမှ ထွက်ခွာသွားသည့် နည်းပြဆောက်ဂိတ် နေရာတွင် လူငယ်အသင်းနည်းပြ ကာစလေကို ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ပြီး လက်ရှိတွင် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲအတွက် ပြန်လည်စုဖွဲ့ချိန်တွင် ပယ်မာနှင့် ဝက်ကင်းတို့ကို သက်ဆိုင်ရာ ကလပ်အသင်းများနှင့် ပြန်လည်လေ့ကျင့်မှု ပြုလုပ်နိုင်ရန်အတွက်လည်းကောင်း၊ ဖိုဒန်ကို အဖျားဝေဒနာ ခံစားနေရမှုကြောင့်လည်းကောင်း အသင်းလူစာရင်းမှ ချန်လှပ်ခဲ့ကြောင်း သိရသည်။

နည်းပြ ကာစလေထုတ်ပြန်ခဲ့သည့် ကစားသမားစာရင်းတွင် ဂိုးသမားအဖြစ် ဟန်ဒါဆင်၊ ပစ်ဖို့ဒ်၊ နစ်ပုပ်၊ ခံစစ်ပိုင်းတွင် အာနိုး၊ ကိုးဝဲလ်၊ ဂူဟီ၊ ကွန်ဆာ၊ လူးဝစ်၊ လီဗရာမန်တို၊ မက်ဂွဲယား၊ စတုန်း၊ ကွင်းလယ်တွင် ဂယ်လာဟာ၊ ဂစ်ဝိုက်၊ ဂိုးမက်ဇ်၊ မိုင်နူး၊ ဒီကလန်ရိုက်၊ တိုက်စစ်တွင် ဘိုဝင်၊ အက်ဇီ၊ ဂေါ်ဒွန်၊ ဂရီလစ်၊ ဟယ်ရီကိန်း၊ မက်ဒူခီ၊ ဆာကာတို့ ပါဝင်ခဲ့သည်။

အင်္ဂလန်အသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲ လိဂ်(B) အုပ်စု(၂)တွင် ဖင်လန်အသင်း၊ ဂရိအသင်း၊ အိုင်ယာလန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး လာမည့် စက်တင်ဘာ ၇ ရက်တွင် အိုင်ယာလန် အသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဖင်လန်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Football 365**
**Trs : ML**

# လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ပုံမှန်ကစားသမားခေါ်ယူမှု ပြုလုပ်မည်ဖြစ်ကြောင်း လာပေါ်တာပြောကြား

**ဘာစီလိုနာ စက်တင်ဘာ ၄**

ဘာစီလိုနာ အသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမားမှတ်ပုံတင်ရန် အခက်အခဲရှိသောကြောင့် ကစားသမားခေါ်ယူမှု အနည်းငယ်သာ ပြုလုပ်နိုင်သော်လည်း လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ပုံမှန်ကစားသမားခေါ်ယူမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ လာပေါ်တာက ထုတ်ဖော်ပြောကြားခဲ့သည်။

ဘာစီလိုနာ အသင်းသည် နွေရာသီ အပြောင်းအရွှေ့က ထိပ်တန်းအဆင့် ကစားသမားများ ခေါ်ယူရန် ပြင်ဆင်ခဲ့သော်လည်း အသင်းအနေဖြင့် လိုက်ပ်ဇစ် အသင်းမှ အိုမိုကို ယူရို ၅၅ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် ကစားသမားမှတ်ပုံတင်ရန် အခက်တွေ့ခဲ့ပြီး အိုမိုအနေဖြင့် ရာသီအစပွဲစဉ်ဖြစ်သည့် ဗလင်စီယာအသင်းနှင့် ဗယ်လ်ကာနိုအသင်းတို့ ပွဲစဉ်နှစ်ပွဲကို လွဲချော်ခဲ့ရသည်။

ထို့နောက် အသင်းမှ ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်သည် မန်စီးတီးအသင်းသို့ ထွက်ခွာသွားသည့်အပြင် ခံစစ်ကစားသမား ခရစ်စတန် ဆန်သည်လည်း ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသဖြင့် ကစားသမားသစ်အိုမိုကို ကစားသမားမှတ်ပုံတင်နိုင်ခဲ့ပြီး ပါဝင်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။



အသင်းဥက္ကဋ္ဌ လာပေါ်တာက "အခုအပြောင်းအရွှေ့မှာ အသင်းအနေနဲ့ ကစားသမားသစ်တွေ ခေါ်ယူချင်ပေမဲ့ မှတ်ပုံတင်ဖို့ အခက်တွေ့ခဲ့ပါတယ်။ လက်ရှိမှာတော့ ကျွန်တော်တို့ အဖြေရှာနိုင်ခဲ့တာကြောင့် လာမဲ့ အပြောင်းအရွှေ့မှာ ပုံမှန်ကစားသမား ခေါ်ယူသွားမှာပါ။ မှတ်ပုံတင်ဖို့ကတော့ အသင်းကတစ်ယောက် ခေါ်ရင် တစ်ယောက်ကို ရောင်းချသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ စက်တင်ဘာ ၅ ရက်၌ ပြန်လည်ကျင်းပမည်




ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ပြန်လည် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲကို လိဂ်(၁) ကလပ်အသင်း ကိုးသင်း၊ လိဂ်(၂) ကလပ်အသင်း ကိုးသင်း၊ မန္တလာလိဂ်မှ ကလပ်အသင်း နှစ်သင်း၊ ၂၀၂၄ အပျော်တမ်း ပြိုင်ပွဲမှ ကလပ် အသင်း ၁၂ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲတွင် Pyae Sone FC အသင်းနှင့် TG United အသင်း၊ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် Winner Soccer အသင်းနှင့် MH Dream Team အသင်း၊ မွန်းလွဲ ၁ နာရီတွင် VUC FC အသင်းနှင့် Futsal 19 FC အသင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် Seven FC အသင်းနှင့် MIU FC အသင်းတို့ အသီးသီး ကစားသွားမည်ဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များအတွက် လက်မှတ်ခများကို ငွေကျပ် ၂၀၀၀ နှုန်းသတ်မှတ်ထားပြီး ပွဲစဉ်များကို MFF Futsal Youtube နှင့် T-Creation Youtube Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ဂျပန်လက်ဝှေ့သမား နာအိုယာ ကာကွယ်နိုင်ခဲ့

ကိုတိုကူ စက်တင်ဘာ ၄

စူပါဘင်တန် ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ဂျပန် လက်ဝှေ့သမား နာအိုယာသည် ပြိုင်ဘက်ကင်း ချန်ပီယံဆု ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ အိုင်ယာလန် လက်ဝှေ့သမား တီဂျေဒိုဟီနီနှင့် ဂျပန်နိုင်ငံ ကိုတိုကူမြို့တွင် စက်တင်ဘာလ ၃ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ နာအိုယာက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

တီဂျေဒိုဟီနီသည် စိန်ခေါ်ပွဲ ထိုးသတ်နေစဉ်အတွင်း သတ္တမ မြောက်အချီတွင် နောက်ကျော ဒဏ်ရာရရှိသွားခဲ့ပြီး ဆက်လက် ထိုးသတ်နိုင်ခြင်း မရှိတော့သည့်အတွက် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အရှုံးပေးခဲ့ရသည်။

နာအိုယာသည် ပထမအချီမှ စတင်၍ တီဂျေဒိုဟီနီအား Body-shot ထိုးချက်များဖြင့် ဆက်တိုက်ဖိအားပေးခဲ့ပြီး တီဂျေဒိုဟီနီအနေဖြင့်လည်း အကောင်းဆုံး ခုခံသွားနိုင်ခဲ့သည်။

နာအိုယာအနေဖြင့် ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အား ယခုအနေအထားအတိုင်း ပြီးဆုံးသွားခဲ့သည်ကို စိတ်ကျေနပ်မှု မရှိခဲ့ဘဲ မျှော်လင့်မထားသော အဆုံးသတ်မှုမျိုး ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL




# အာရှလှေလှော်ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလှေလှော်အသင်း တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၄

ကမ္ဘာ့လှေလှော် လေ့ကျင့်ရေးစခန်း (World Rowing Training Camp)သို့ သွားရောက်လေ့ကျင့်ခြင်းနှင့် ၂၀၂၄ ခုနှစ် အသက် ၁၉ နှစ်နှင့် ၂၃ နှစ်အောက် အာရှလှေလှော်ချန်ပီယံရှစ်ပြိုင်ပွဲ (2024 Asian Rowing U-19 & U-23 Championships)သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလှေလှော်အသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်နိုင်ငံသို့ ထွက်ခွာခဲ့ကြောင်းသိရသည်။

မြန်မာလှေလှော်အသင်းတွင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ လှေလှော်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြ ဒေါ်နီလာဝင်း၊ အားကစားမှူး၊ အမျိုးသား အားကစားသမားတစ်ဦးနှင့် အမျိုးသမီး အားကစားသမားတစ်ဦးတို့ လိုက်ပါခဲ့ကြသည်။

တရုတ်နိုင်ငံသို့ ထွက်ခွာခဲ့သည့် မြန်မာလှေလှော်အသင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် နည်းပြများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

မြန်မာလှေလှော်အသင်းသည် တရုတ်နိုင်ငံတွင် ကမ္ဘာ့လှေလှော်လေ့ကျင့်ရေးစခန်း(World Rowing Training Camp )တွင် စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်စဉ် အသက် ၁၉ နှစ်နှင့် ၂၃ နှစ်အောက် အာရှလှေလှော်ချန်ပီယံရှစ်ပြိုင်ပွဲ (2024 Asian Rowing U-19 & U-23 Championships) ကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အာရှလှေလှော် ချန်ပီယံရှစ်ပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shenyang မြို့တွင် စက်တင်ဘာ ၅ ရက်မှ ၁၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Americans' Presidents Cup ပြိုင်ပွဲအတွက် အပြီးသတ်လူစာရင်း ထုတ်ပြန်

မွန်ထရီရယ်လ် စက်တင်ဘာ ၄

ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ် မွန်ထရီရယ်လ်မြို့တွင် ကျင်းပသွားမည့် Americans' Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် US Team နှင့် INT Team တို့ ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး US Team ၏ အသင်းခေါင်းဆောင်ဖြစ်သူ ဖျူရက်ခ်က ရွေးချယ်ထားသည့် အပြီးသတ်လူစာရင်းကို ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အသင်းခေါင်းဆောင် ဖျူရက်ခ် အနေဖြင့် လူစာရင်းရွေးချယ်ရာတွင် တစ်ရာသီအတွင်းရရှိထားသော အောင်မြင်မှုပေါ်မူတည်၍ ရရှိသည့် အမှတ်ပေးဇယားပေါ်မူတည်ကာ ရွေးချယ်ခဲ့ခြင်းဖြစ်သလို အမှတ်ပေးဇယား၏ အဆင့်(၁)မှ အဆင့်(၆)အတွင်း ရပ်တည်နေသော ကစားသမားများက အသင်းတွင် တိုက်ရိုက်ရွေးချယ်ခံရပြီး ကျန်ခြောက်ဦးကို နည်းပြက ရွေးချယ်ရခြင်းဖြစ်သည်။

ဖျူရက်ခ်က အသင်းခေါင်းဆောင်ရွေးချယ်ခွင့်အတွက် ကစားသမားခြောက်ဦးကိုလည်း သီးခြားရွေးချယ်ခဲ့ခြင်းမဟုတ်ဘဲ အမှတ်ပေးဇယား၏ အဆင့်(၇)နေရာမှ အဆင့်(၁၂) နေရာအတွင်း ရပ်တည်နေသည့် ကစားသမားများအား ရွေးချယ်သွားခဲ့ခြင်းဖြစ်သည်။

US Team တွင် တိုက်ရိုက်ရွေးချယ်ခြင်းခံခဲ့ရသော ကစားသမား ခြောက်ဦးမှာ ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာ၊ ရှောင်ဖီလီ၊ မိုရီကာဝါ၊ ဝိုင်ဟမ်ကလက်ခ်၊ ကန်တလေနှင့် တီဂါလာတို့ဖြစ်ကြောင်း ဖျူရက်ခ်က ထုတ်ပြန်ခဲ့သည်။

အသင်းခေါင်းဆောင်၏ ရွေးချယ်ခွင့်အတွက် သီးခြားရွေးချယ်ခြင်းမပြုတော့ဘဲ အမှတ်ပေးဇယား၏ အဆင့်(၇)နေရာမှ အဆင့်(၁၂)နေရာတွင် ရပ်တည်နေကြသည့် ဘရက်ဒ်လေ၊ ဆမ်ဘန်း၊ တိုနီဖီနော့၊ ဘရိုင်ယန်ဟားမန်း၊ ရက်ဆဲလ်ဟန်လေနှင့် မက်ဟိုမာတို့ဖြစ်သည်ဟု အသင်းခေါင်းဆောင် ဖျူရက်ခ်က ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း အုပ်စုအဆင့်မှ စတင်ကစားရမည်



ရန်ကုန် စက်တင်ဘာ ၄

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ရောက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် အာဆီယံဒေသတွင်းမှ မြန်မာအသင်းအပါအဝင် အသင်းလေးသင်းက အုပ်စုအဆင့်မှ တိုက်ရိုက်ကစားရမည်ဖြစ်ပြီး ကျန်ခြောက်သင်းမှာ ခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်ကာ ခြေစစ်ပွဲအဆင့်မှ လေးသင်းသည် အုပ်စုအဆင့် တက်ရောက်ကစားရမည်ဖြစ်သည်။

၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ အဆင့်သတ်မှတ်ချက်များအရ မြန်မာအမျိုးသမီးအသင်း၊ ထိုင်းအမျိုးသမီးအသင်း၊ ဗီယက်နမ်အမျိုးသမီးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးအသင်းတို့မှာ အုပ်စုအဆင့်မှ တိုက်ရိုက် ကစားရမည်ဖြစ်ပြီး ကမ္ဘောဒီးယား အမျိုးသမီးအသင်း၊ အင်ဒိုနီးရှား အမျိုးသမီးအသင်း၊ မလေးရှား အမျိုးသမီးအသင်း၊ လာအိုအမျိုးသမီးအသင်း၊ စင်ကာပူအမျိုးသမီးအသင်းနှင့် တီမောလက်စ်တေ အမျိုးသမီးအသင်းတို့မှာ ခြေစစ်ပွဲစဉ်များကစားပြီးမှသာ အုပ်စုအဆင့်တက်ရောက်မည်ဖြစ်သည်။

၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကို လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး လာမည့် နိုဝင်ဘာ ၅ ရက်မှ ၁၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# လူသားတိုင်းနှင့်သက်ဆိုင်ပေ့ နိုင်ငံတကာစာတတ်မြောက်ရေးနေ့

**❖ကမ္ဘာပေါ်တွင် စာတတ်မြောက်ရေးလုပ်ငန်းကို နိုင်ငံအသီးသီး တွင် ဆောင်ရွက်နေကြသည်။ ယူနက်စကိုအဖွဲ့ချုပ်က စာတတ်မြောက် ရေးလှုပ်ရှားမှုဆောင်ပုဒ်သတ်မှတ်ပေးပြီး နိုင်ငံတကာစာတတ်မြောက် ရေးနေ့ကျင်းပရန်နှင့် ပညာရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ကြ ရန် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံအားလုံးကို နှိုးဆော်တိုက်တွန်း လျက်ရှိ၏။ ယခုနှစ်ဆောင်ပုဒ်မှာ "အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်း ရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာ စကားစုံပညာရေးကို မြှင့်တင်ကြပါစို့"ဖြစ်သည်။ ကမ္ဘာပေါ်တွင် ငြိမ်းချမ်းမှုရရှိရန် လူသား များသည် နားလည်မှုအပြန်အလှန်ရှိရပါမည်။ စာတတ်မြောက်သူ ပိုမိုများပြားမည်ဆိုလျှင် ငြိမ်းချမ်းမှုကို ပိုမိုရရှိနိုင်သည်။ ❖**

"မောင်ငယ်ရင်သွေး၊ နာဘိသေးလော၊ ရှေးသရော အခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးအား လျှင်၊ သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ၊ အိမ်မှာနေ ၍၊ စာပေမတတ်၊ မိဘစုတေ၊ ခန္ဓာရွေ့သော်၊ အရှေ့ အနောက်၊ တောင်မြောက်ဘယ်မှာ၊ မသိပါပြား" စသည်ဖြင့် ဆားတုံဆရာတော်က ကုဋေရှစ်ဆယ် သူဌေးသားကဗျာတွင် ရေးသားခဲ့သည်။ ဖခင်မှာ ချမ်းသာကြွယ်ဝသည့် သူဌေးကြီးဖြစ်ပြီး သူ့တွင်ရှိ သော စည်းစိမ်ဥစ္စာသည် သူ့သားတစ်သက် စား၍ မကုန်နိုင်၊ မဆင်းရဲနိုင်ဟု ယူဆခဲ့သည်။ ထို့ကြောင့် သားဖြစ်သူကို ပညာသင်ယူမှုမပြုစေခဲ့ပါ။ မိဘများ ကွယ်လွန်သောအခါ သူဌေးသားသည် စာမတတ် သဖြင့် မလုပ်တတ်မကိုင်တတ်ဖြစ်ကာ ဆင်းရဲစွာ ဖြင့် သေဆုံးရသည်။ ထိုကဗျာအရ လူသားတို့အတွက် စာတတ်မြောက်မှုမှာ မည်မျှအရေးပါကြောင်းကို ဖော်ပြနေပေသည်။

စာဆိုသည်မှာ စကား၏သင်္ကေတဖြစ်သော အက္ခရာများကိုစုပေါင်းပြီး စနစ်တကျစီစဉ်ရေးသား ထားသည့် အမှတ်အသားခေါ်ဆိုသည်။ ပေရွက်၊ ကျောက်စာ၊ ရွှံ့ပြား၊ ကြေးပြားနှင့် စက္ကူတို့တွင် ရေးခြစ်ခြင်း၊ ပုံဆွဲခြင်း၊ ရေးထွင်းခြင်း၊ အစက်အပြောက် အကြောင်းချခြင်းများမှ အစပြုကာ ယနေ့ခေတ် စာအရေးအသားနှင့် ကွန်ပျူတာစာလုံးထိပေါ်ပေါက် လာသည်။ မျက်မမြင်မှ လက်ဖျားဖြင့်စမ်းပြီးဖတ် ရသော အဖုအမှတ်လေးကိုလည်း စာဟုပင်ခေါ် ဆိုနိုင်သည်။

စာတတ်မြောက်မှသာ စာအုပ်စာပေတို့ကို ဖတ်ရှု နိုင်ပါမည်။ စာပေမှရရှိသော ဗဟုသုတသည် လူသား များကို များစွာအကျိုးပြုပါသည်။ စာအုပ်စာပေတို့ကို မိတ်ဆွေအပေါင်းအသင်းအဖြစ် သဘောထားရှိကာ လေ့လာဖတ်ရှုရပါမည်။ စာအုပ်အသစ်သည် မိတ်ဆွေ အသစ်၊ စာအုပ်အဟောင်းသည် မိတ်ဆွေအဟောင်း သာဖြစ်ပါလိမ့်မည်။ လူမိတ်ဆွေတို့သည် တစ်ခါ တစ်ရံတွင် မိတ်ပျက်တတ်ရာ စာကောင်းပေမွန်တို့ မှာ ဖောက်ပြန်ပြောင်းလဲခြင်းမရှိသော ထာဝရမိတ်ဆွေ များဖြစ်ကြသည်။ ထို့ပြင် ရွှေငွေရတနာမှာ ခိုးယူခံရ ၍ ကုန်ဆုံးသွားနိုင်သော်လည်း စာပေပညာရပ်ကို သူခိုး ခိုးယူ၍ မရနိုင်ပါ။ "ဘုရားရှေ့ဝယ်၊ အငွေ့လှိုင် လှိုင်၊ နံ့ကြိုင်ကြိုင်ဖြင့်၊ တစ်တိုင်ဆီမီး၊ ထိန်ထိန်ညီး တည့်၊ သူ့အလျှံမှ၊ တဖန်ကူးဘိ၊ သူငါညှိလည်း၊ မသိ လျော့ရာ၊ ထိန်မြဲသာတည့်" ဆိုသော ဤမီးတိုင် ကဗျာကို ဆရာမကြီးငွေတာရီက ရေးသားခဲ့သည်။ ဘုရားရှေ့တွင် ထွန်းညှိထားသော ဆီမီးတိုင်မှမီးလျှံ ကို လူအများမှ ကူးယူထွန်းညှိသော်လည်း ကုန်ဆုံး သွားခြင်းမရှိဘဲ လင်းထိန်မြဲသာရှိနေပါမည်။

ထို့အတူ စာတတ်မြောက်သူ ပိုမိုများလာသော် လည်း စာပေပညာရပ်မှာ ကုန်ခန်းသွားခြင်းမရှိပေ။ လူတစ်ဦးသည် အောင်မြင်တိုးတက်သောဘဝကို တည်ဆောက်ရန် နည်းလမ်းရှာဖွေရာတွင် စာတတ် ခြင်း၊ စာဖတ်ခြင်းမှရရှိနိုင်သည်။ ထို့ပြင် စကား ကြွယ်ခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ မေ့လျော့မှုလျော့ နည်းခြင်းနှင့် စိတ်ဖိစီးမှုလျော့ကျခြင်း စသည့်အကျိုး တရားများကိုလည်းရရှိသည်။ အသက်အရွယ်ကြီးရင့် လာသည့်အခါ သင်ယူနိုင်မှု၊ မှတ်မိနိုင်မှုနှင့် ဆုံးဖြတ် နိုင်မှုတို့ကျဆင်းလာရာ စာဖတ်ခြင်းဖြင့် အဆိုပါ စွမ်းရည်တို့ကို ထိန်းထားနိုင်ကြောင်း သိပ္ပံပညာ ဆန်းစစ်ချက်အရ သိရှိရသည်။ ထို့ကြောင့် လူသား တိုင်းမှာ မိမိတို့သက်ဆိုင်ရာ လူမျိုးအလိုက်၊ နိုင်ငံ အလိုက် စာကို ကျွမ်းကျင်စွာရေးတတ်၊ ဖတ်တတ် ရန်လိုအပ်သည်။ တစ်နည်းအားဖြင့် စာတတ် ရပါမည်။

နိုင်ငံတစ်ခုတည်ဆောက်ရာတွင် စာတတ်သူများ ဖြင့် ထူထောင်ပါက ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်သည်။ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးမှာ အရေးကြီး လှ၏။ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်း၊ နိုင်ငံ တချို့တွင် ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ခြင်း နှင့် ဆင်းရဲခြင်းတို့ကြောင့် နိုင်ငံအသီးသီးတွင် စာမတတ်သူများ ရှိနေသည်။ အီရန်နိုင်ငံ တီဟီရန်မြို့ တွင် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်ကို ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ရက်ထိ ကျင်းပခဲ့ သည်။ နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ကိုယ်စားလှယ်တော်များ၊ စီးပွားရေးပညာရှင်များ၊ လူမှုရေးပညာရှင်များနှင့် ပါရဂူများ စုံညီစွာတက် ရောက်ခဲ့ကြသည်။ ၁၉၆၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ယူနက်စကိုအထွေထွေညီလာခံကြီးမှ ကမ္ဘာ့စာတတ် မြောက်ရေးကွန်ဂရက် စတင်ကျင်းပခဲ့သည့် စက်တင် ဘာ ၈ရက်ကို "နိုင်ငံတကာစာတတ်မြောက်ရေးနေ့" အဖြစ် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်သတ်မှတ် ပေးခဲ့သည်။

ကမ္ဘာပေါ်တွင် စာတတ်မြောက်ရေးလုပ်ငန်းကို နိုင်ငံအသီးသီးတွင် ဆောင်ရွက်နေကြသည်။ ယူနက် စကိုအဖွဲ့ချုပ်က စာတတ်မြောက်ရေးလှုပ်ရှားမှု ဆောင်ပုဒ်သတ်မှတ်ပေးပြီး နိုင်ငံတကာစာတတ် မြောက်ရေးနေ့ကျင်းပရန်နှင့် ပညာရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ကြရန် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံအားလုံးကို နှိုးဆော်တိုက်တွန်းလျက်ရှိ ၏။ ယခုနှစ်ဆောင်ပုဒ်မှာ "အပြန်အလှန်နားလည်မှု နှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ် လို့၊ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့" ဖြစ်သည်။ ကမ္ဘာပေါ်တွင် ငြိမ်းချမ်းမှုရရှိရန် လူသား များသည် နားလည်မှုအပြန်အလှန်ရှိရပါမည်။ စာတတ်မြောက်သူ ပိုမိုများပြားမည်ဆိုလျှင် ငြိမ်းချမ်း မှုကို ပိုမိုရရှိနိုင်သည်။ စာတတ်သည်ဆိုရာတွင် ဘာသာစုံစကားတတ်ကျွမ်းမှုသည် အဓိကကျနေပြီး ကောင်းကျိုးကိုခံစားရကာ ဆင်ခြင်တုံတရား ထားရှိ နိုင်ပေမည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အကြောင်း ကို ရေးသားရာတွင် မြန်မာနိုင်ငံစာတတ်မြောက်ရေး ဆောင်ရွက်မှုအကြောင်းကိုပါ ရေးသားရပါမည်။ မြန်မာနိုင်ငံသည် အင်္ဂလိပ်အစိုးရလက်အောက် ကျရောက်ခဲ့စဉ် စာတတ်မြောက်မှုနှုန်း ကျဆင်းခဲ့၏။ ထို့ကြောင့် ယူနက်စကိုအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှု ဖြင့် စာတတ်မြောက်ရေးလုပ်ငန်းများကို တက်ကြွ စွာ ဆောင်ရွက်နိုင်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့သည်။ ၁၉၄၈ခုနှစ်တွင် "လူထုပညာသင်ကြားရေးကောင်စီ အက်ဥပဒေ(၁၉၄၈ခုနှစ်)ကို ပြဋ္ဌာန်းခဲ့ပြီး ထိုနှစ်မှ ၁၉၅၈ ခုနှစ်ထိ သက်ကြီးစာတတ်မြောက်ရေးကို ဆောင်ရွက်ခဲ့သည်။ အသက် ၁၆ နှစ်နှင့်အထက် စာမတတ်သူများကို အခြေခံတတ်မြောက်စေရန် အရေး၊ အဖတ်၊ အတွက်ဆိုသည့် "အသုံးလုံး" ကျေစာသင်ပေးမှုကို ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်ထိ စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့၏။ ၁၉၆၉ ခုနှစ်တွင် "အ" သုံးလုံးကျေအခြေခံ စာတတ်မြောက်ရေးအစီအစဉ်ကို မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းနှင့် မလှိုင်မြို့နယ်တို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့သည်။ တက္ကသိုလ်ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ၊အစိုးရစာသင်ကျောင်းများ မှ ဆရာ၊ဆရာမများက ပါဝင်လုပ်အားပေးကြသည်။

၁၉၇၁ ခုနှစ်တွင် မိတ္ထီလာကို "တစ်ခရိုင်လုံး စာတတ်မြောက်သည့်ခရိုင်"အဖြစ် ကြေညာနိုင်ခဲ့ သည်။ ၁၉၆၉ ခုနှစ်တွင်ကျရောက်သည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားကို မလှိုင်မြို့ နယ်တွင် ပထမဦးဆုံးကျင်းပခဲ့၏။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မြို့နယ်ပေါင်း ၂၉၇ မြို့နယ်တွင် လုပ်အားပေးပေါင်း ၄၉၀၃၉၈ ဦးတို့မှ သင်ကြားပေး ခဲ့သည်။ လူဦးရေ ၂၄၁၀၉၇၉ စာတတ်မြောက်ခဲ့ရာ မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့၏။ ထို့ကြောင့် ယူနက်စကို အဖွဲ့မှ မြန်မာနိုင်ငံကို ၁၉၇၁ ခုနှစ်တွင် "မိုဟာမက်ရီ ဇာပါလဗီဆု"နှင့် ၁၉၈၃ ခုနှစ်၌ "နိုမာ"ဆုတို့ ချီးမြှင့် ခဲ့သည်။ ဆက်လက်၍ စာတတ်မြောက်ရေးလုပ်ငန်း ကို ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ လုပ်ဆောင်ခဲ့ သည်။ နှစ်စဉ်နှစ်တိုင်း မြို့နယ် ၃၀ ကို ရွေးချယ်ကာ တစ်မြို့နယ်လျှင် စာသင်ဝိုင်း၂၀၀ နှုန်း ဖြင့် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်ထိ သင်ကြားပေးခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ် သည့်အားလျော်စွာ နှစ်စဉ် စက်တင်ဘာ ၈ ရက် ရောက်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပလျက်ရှိသည်။ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာ ဖတ်ကြားခြင်း၊ အထိမ်းအမှတ် စာပေပြိုင်ပွဲ နှင့် ဟောပြောပွဲများပြုလုပ်ခြင်း၊ ကျောင်းသား လူငယ်များမှ လူငယ်ဆိုင်ရာ တေးသီချင်းသီဆိုခြင်း များ ပြုလုပ်ကြ၏။ ထို့ပြင် လှုပ်ရှားမှုဆိုင်ရာ ဓာတ်ပုံ ပြပွဲနှင့်ပြခန်းများကိုလည်း ခင်းကျင်းပြသသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူဦးရေ ၃ ဒသမ ၅ သန်းရှိ ပြီး အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာ ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်သည့် ကလေး သူငယ် ၂ ဒသမ ၇ သန်းရှိကြောင်း ပညာရေးဝန်ကြီး ဌာနစာရင်းများတွင် ဖော်ပြထားသည်။ ပညာရေး ဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာ ဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)အတိုင်း ကျောင်းပြင်ပ၊ ပညာရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်နေ၏။ ကျောင်း ပြင်ပပညာရေးဆိုသည်မှာ အကြောင်းအမျိုးမျိုး ကြောင့် ကျောင်းနေအရွယ်တွင် မူလတန်းပညာ ပြီးဆုံးအောင် မသင်ကြားရသူ၊ ကျောင်းမနေဖူးသူ နှင့် စာမတတ်သူများအတွက် စဉ်ဆက်ပညာရေးအစီ အစဉ်ဖြင့် လုပ်ဆောင်ပေးခြင်းကို ခေါ်ဆိုသည်။ သင်ကြားပြီးသောအခါ လုပ်ငန်းခွင်ချိတ်ဆက်ပေး ခြင်း၊ အခြေခံပညာရေး အတန်းကူးပြောင်းတက် ရောက်စေခြင်းတို့ ဆောင်ရွက်ပေး၏။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေ ဖြင့် KG+9 ဖြစ်သော အခြေခံပညာ အလယ်တန်း အဆင့်ပညာ ပြီးမြောက်ရေးလုပ်ငန်းနှင့် အခြေခံစာ တတ်မြောက်ရေးလုပ်ငန်းတို့ကို နှစ်စဉ်ဆောင်ရွက် နေသည်။ ၂၀၂၄ခုနှစ် ဧပြီလမှ မေလအတွင်း စာသင် ဝိုင်း ၄၈၆၄ ဝိုင်းတွင် ကြီးကြပ်သူနည်းပြဦးရေ ၆၂၆၈ ဦး ဖြင့်သင်ယူသူဦးရေ ၆၉၆၅၇ ဦးတို့ကို စာတတ်မြောက် အောင် သင်ကြားပေးနိုင်ခဲ့၏။ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုအရ စာသင်သားနှင့် နည်းပြများ၏ လက်ကိုင်ဖုန်းများအတွင်း အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း သင်ကြားမှုဆိုင်ရာ Mobile Application တီထွင်နိုင်ခြင်းသည် မြန်မာ နိုင်ငံစာတတ်မြောက်ရေးဆောင်ရွက်မှုလုပ်ငန်းတွင် မှတ်တမ်းတင်နိုင်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် လူတစ်ဦးတွင် စည်းစိမ် ဥစ္စာ မည်မျှပင်ရှိနေစေကာမူ စာတတ်ရန် လိုအပ်ပါ သည်။ သက်ဆိုင်ရာ လူမျိုးဘာသာအလိုက် စာတတ် မှသာ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ နိုင်ငံအကျိုးတို့ တွင် ပိုမိုဆောင်ရွက်နိုင်ပါမည်။ စာပေတတ်မြောက် မှုများသော လူ့အဖွဲ့အစည်းသည် အစဉ်တိုးတက်နေ ပေမည်။ ယူနက်စကိုအဖွဲ့၏ ညွှန်ကြားမှုကိုခံယူပြီး နိုင်ငံအသီးသီးတွင် စာတတ်မြောက်ရေးလုပ်ငန်း များကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ကျင်းပလျက်ရှိပြီး စာတတ်မြောက်ခြင်းသည် လူသား တိုင်းနှင့်ပတ်သက်လျက်ရှိရာ "လူသားတိုင်းနှင့် သက်ဆိုင်ပေ့၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့" ဟုဆိုကာ ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၈-၉-၂၀၂၄ ရက် မြဝတီသတင်းစာ။

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets members of Kayah State cabinet, state level departmental officials, local elders and local people and discusses regional development



Senior General Min Aung Hlaing meets Kayah State Government members, departmental personnel and local people.

**Nay Pyi Taw September 4**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met members of Kayah State cabinet, state level departmental officials, local elders and local people at Kayah State government office this afternoon and discussed regional development.

Also present together with the Senior General were Joint SAC Secretary General Ye Win Oo, SAC members Lt-Gen Yar Pyae, Porel Aung Thein, Khun San Lwin, union ministers Lt-Gen Tun Tun Naung, Dr Thet Khaing Win, U Myo Thant, Kayah State Chief Minister U Zaw Myo Tin, senior military officers from Office of Commander-in-Chief, deputy ministers and the Eastern Command commander.



Senior General Min Aung Hlaing presents food to a local.

**Regional facts and development activities presented**

The chief minister reported on regional facts, return of temporarily displaced persons back to their homes in Loikaw, mine clearing in the residential wards, ongoing farming activities, perennial crop cultivation, rice and cooking sufficiency in the area, efforts to increase crop yield, loans disbursed from national economic development fund, resumption of Loikaw industrial zone, distribution of chemical fertilizers and seeding machines at reasonable prices, local production industries, upgrading of health sector, reopening of basic education schools and institutions of higher learning in Loikaw, rehabilitation activities, priority repair programs for government buildings, drinking water supply, repair of damaged sub-power stations, renovation of Loikaw airport, resumption of passenger buses and cargo trucks, ongoing repair programs for communication towers and mobile communication towers, aid programs for temporarily displaced persons and departmental personnel, security operations, new Thiri Mingala market project, ongoing Loikaw modernization programs, and holding of sports meets and fun fairs.

As regards the report, Union Minister for Health Dr Thet Khaing Win explained the work of replacing the treatment-aids and machines destroyed by terrorist attacks with the new ones.

**Acts to destroy the interest of locals is a terrible crime**

In his address, the Senior General said towns and villages including Loikaw faced destruction caused by the attacks of KNDF and PDF terrorists not long ago. It was a hideous attack of armed terrorists residing in Kayah State. Locals are the person who develop their own region, and they also can be the persons who hindered regional development and destroy peace and stability. It showed that they are politically immature. So, people should prevent the existence of such local armed terrorists that are destroying peace, stability of the area and security of the locals as a means to stop terrorist acts. Terrorist insurgents were taking cover in the homes of locals in towns and villages in launching attacks. As they were using the people as their shield in the towns and villages they had seized, anti-terrorist campaigns will gain extra momentum if people have the awareness to stay away from them.

**Upgrading the health and education sectors**

The whole region will achieve progress if there is area-wise development in education field. The country faced weakness in the education sector, and the government is exerting efforts for its development. In accord with the motto "national discipline begins at schools" teachings of teachers at the classrooms will be beneficial for the children throughout the whole life. Increase in the number of educated persons in a place will benefit the lives of people and the place itself. Hence, collective efforts are required to improve the education standard of Kayah State. So, arrangements will be made to reopen schools in Loikaw and students to attend classes. Likewise programs to open universities are also underway to enable students pursuing education in other places to attend classes at their own region. All should participate in ensuring enrolment for school age children. Arrangements should be made for those who have passed the school age to learn at town/village-wise libraries. In this way, knowledge can be dissemination on an extensive way.



Senior General Min Aung Hlaing presents gifts.

Regarding health promotion, the Tatmadaw has initiated public health care promotion activities in the Loikaw region. During this period, the Senior General said he personally visited and discussed issues related to education, health, and regional development. The state continues to carry out activities to enhance the health sector of the public. Citizens are encouraged to maintain a lifestyle aligned with health and avoid behaviors and consumption habits that could harm their health. By doing so, each individual's socio-economic life will improve; healthy individuals can work, and healthy individuals can learn. Therefore, it is hoped that health awareness will lead to beneficial actions.

**Rehabilitation efforts involve the joint participation of local residents**

Restoration work will be carried out on the roads, bridges, and communication infrastructure in the Loikaw region that were damaged due to the destructive activities of insurgents. The government prioritizes issues of public concern. Just as the government is constructing, local citizens are also expected to protect and manage their region with their own knowledge and spirit. *See Page 12*


Senior General Min Aung Hlaing visits Myo Nam Shwe Pagoda.

*From Page 11*

Reports indicate that insurgents have looted and destroyed items in the state's cultural museum. Lessons must be learned from these situations to restore normalcy. Rehabilitation efforts require not only the government but also the collective cooperation of local people. Government staff who are involved in these rehabilitation efforts are commended for their dedication to living and fulfilling their duties in the region.

Preparations are underway to conduct a free and fair multi-party democratic general election again. These preparatory activities include conducting a population census in October. In Kayah State, efforts should be made to successfully conduct the census, and during the preparatory period before the election, candidates are required to carry out campaigning activities. To enable these activities, peace and stability in the region must be ensured.

Afterwards, the Senior General presented food and relief supplies to members of the Kayah State government, state-level officials, security forces, and displaced people. The State Chief Minister and officials received these supplies.

Following the meeting, the Senior General cordially greeted the Kayah State government members, state-level officials, local elders, and citizens.

**Rehabilitation tasks inspected**

Then, the Senior General and party traveled by vehicles around Loikaw town to inspect the restoration of homes, roads, and bridges that were damaged by insurgents. They observed that citizens were living and moving peacefully in their daily lives.

Later, they visited the new construction site of the advanced Thiri Mingala Market in Loikaw, which had been damaged by insurgent activities. In a briefing room, the Kayah State Chief Minister and a responsible officer clarified the status of rebuilding the new market. The Senior General directed that the market, being the capital's central market, should be designed and constructed as a modern market with proper shops, parking spaces, water supply, and waste disposal systems.

**Obeisance paid to the historic Myo Nam Shwe Pagoda**

Then, they proceeded to the historic and revered Myo Nam Shwe Pagoda in Loikaw, where they paid homage to the Buddha image inside the pagoda and offered flowers, water, and oil lamps. The Senior General signed the guestbook and donated funds for the comprehensive renovation of the pagoda, which were received by responsible officials from the pagoda board of trustees.

Finally, the Senior General circumambulated the pagoda in a clockwise direction to pay homage and struck the bell in reverence.

100


Senior General Min Aung Hlaing greets those in attendance.

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects stability measures in Regional Military Command (Loikaw)


The Region Military Command (Loikaw) Commander presents regional security report to Senior General Min Aung Hlaing.

**Nay Pyi Taw September 4**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing accompanied by Commander-in-Chief (Navy) Vice Admiral Htein Win, Commander-in-Chief (Air) General Tun Aung, union level officials, senior military officers from the Office of the Commander-in-Chief of Defence Services and officials, inspected measures for stability in Regional Military Command (Loikaw) this morning.

First, Region Military Command (Loikaw) Commander Col Aung Kyaw Khaing reported to the Senior General on security measures taken by Tatmadaw personnel in cooperation with members of the police, security and Loikaw and Loikaw Airport, security of roads and bridges, efforts for stability in respective stations, attempts of KNPP, KNDF and so-called PDF terrorists to destabilize the region, arrests of so-called PDF terrorists and seizures of weapons and ammunition.

After hearing the reports, the Senior General said clashes have broken out in Shan State (North) and Loikaw simultaneously since 2021 and officers and other ranks and families of the Tatmadaw relentlessly fought the enemies back. The Tatmadaw has been safeguarding the sovereignty of the country and our three main national causes. Tatmadaw personnel and members of the police performing duties uninterruptedly for security of lives and property of the people. Efforts must be made to carry out security measures in areas related to Loikaw and to bring normalcy to Loikaw. It is necessary to concerted efforts for security to successfully conduct population and household census. In conclusion, the Senior General gave other necessary instructions on regional security and stability.

100

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects rehabilitation of Hsihseng region damaged by terrorists in Pa-O Self-Administered Zone, provides aid to residents


Senior General Min Aung Hlaing offers alms to a Sayadaw.

**Nay Pyi Taw September 4**

Hopong and Hsihseng townships in Pa-O Self-Administered Zone of Shan State (South) have suffered from impacts of loss and damage in terror acts of PNLO, KNDF and PDF terrorists which steadfastly commit subversive acts with attacks in towns and villages where local national races reside, dropping bombs on religious buildings and schools and firing on these areas with heavy weapons but they chant doing good deeds for development of the regions.

This morning, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, the Chief Minister of Shan State, the Commander of Eastern Command, and officials inspected rehabilitation process in Hsihseng region.

First, the Senior General headed to Hsihseng along Taunggyi-Hopong-Hsihseng road and viewed peaceful daily routine of the majority of Shan and Pa-O ethnic people and progress of agriculture and livestock farming tasks.

In Hsihseng, the Shan State Chief Minister, Chairman of Pa-O Self-Administered Zone Administration Body U Khun Ye Htwe and officials reported on a plan to rebuild Hsihseng Myoma market damaged by terrorists.

The Senior General gave guidance to design the new market as a modern facility with proper area of shops and consider construction tasks with water and power supply and car parks.

On arrival at the staff rental housing of the Department of Urban and Housing Development in Hsihseng, the Senior General heard reports on damage of the housing by terrorists and repairing process by officials and gave necessary instructions.

Then, the Senior General paid homage to assistant abbot of Zawanarama Monastery Bhaddanta Pannasila and members of the Sangha and donated offerings.

The Senior General cordially met with departmental officials, local Tatmadaw members and families, member of Myanmar Police Force, local people's militia members, town elders and officials in Hsihseng, the Senior General said that Pa-O Self-Administered Zone is blessed with sound foundations and the region is potential for successful carrying out of development tasks. But, Hsihseng region where innocent Pa-O national races have been residing in successive eras peacefully faced loss and damage in naughty terror acts of opportunist PNLO terrorists.

Nobody should stop development tasks for a region or a country and they have to march forwards and work steadfastly. If they stop they will lag behind development. Emphasizing rehabilitation for damaged structures causes a delay to carry out development tasks. Only residents can undertake peaceful and stable measures as well as development of the region. Likewise, residents also commit attempts to cause instability and to delay development tasks of the region. As such, residents have to cooperate with departmental staff, administrative bodies and security forces in ensuring peace and stability, rule of law and development undertakings for the sake of their region. They have to widen their scope for the sake of the region and bring about their process with positive attitudes.

The Prime Minister urged departmental staff to promote the socio-economic development of the region, focusing on education and health. He emphasized that regional progress depends on improving local skills and knowledge, encouraging residents to pursue education. He also stated that the government and the Tatmadaw will restore villages, including Hsihseng town, damaged by terrorists, and called on local people to actively participate. The Prime Minister warned that stagnation is detrimental to both the region and the country, urging everyone to make a concerted effort to achieve development, stability, and peace.

After that, the Chairman of the State Administration Council, the Prime Minister, provided food and supplies for the local military personnel and family members, local people, militia (local) members and

*See Page 14*


Senior General Min Aung Hlaing views the map showing the site for reconstructing Hsihseng central market.


Senior General Min Aung Hlaing presents food to locals.


Senior General Min Aung Hlaing presents food.



Senior General Min Aung Hlaing greets Tatmadaw families, departmental staff and local people.

*From Page 13*

they were received by the representatives. After that, the Chairman of the State Administration Council, the Prime Minister and members greeted departmental officials from Hsihseng town, local military personnel and family members, members of Myanmar Police Force, militia (local) forces, city leaders and officials cordially.

Hsihseng town, located 3,310 feet above sea level in the Pa-O Self-Administered Zone, is bordered by Hopong Township to the north, Maukmai Township to the east, Kayah State to the south, and Pekhon, Nyaungshwe, and Taunggyi townships to the west. It is predominantly inhabited by the Pa-O people, who have traditionally lived and worked there peacefully. However, the PNLO terrorist group, influenced by the KNDF and PDF terrorist groups, disrupted the region's stability, affecting the socio-economic lives of the local people and carrying out acts of violence against the Pa-O ethnic community. In response, with the cooperation of nearly all villagers from the surrounding areas, the Tatmadaw and local militia forces successfully regained control of the Hsihseng area from the terrorists. The government and the Tatmadaw are now actively engaged in rehabilitation efforts, and the displaced ethnic residents are returning to their homes, resuming their peaceful lives and work.

100

# Shwebo District completes 100% banana planting across 4,019 acres for 2024-2025 monsoon season

**Shwebo September 4**

According to the records of the Shwebo District Agriculture Department, it has been reported that 4,019 acres of banana have been successfully planted in Shwebo District, Sagaing Region, during this year's monsoon crop season.

The target for the 2024-2025 monsoon crop season was set to cultivate 4,019 acres of banana in Shwebo District, and planting began in May of this year. As of today, 100% of the targeted acreage has been successfully planted.

"This year, during the monsoon season, a target was set to cultivate 4,019 acres of banana in Shwebo District. Currently, 100% of the planned banana planting has been completed. Recently, banana planting has also been observed in fallow fields, and pest infestations have been generally minimal," said Daw Zar Zar Min, Assistant Director of the Shwebo District Agriculture Department.

This year, in Shwebo District, the completion of banana planting is as follows: 1,420 acres in Shwebo Township, 268 acres in Khin-U Township, 2,311 acres in Wetlet Township, and 20 acres in Kyaukmyaung Sub-township, totaling 4,019 acres.



A banana plantation.

Banana farmers in the region typically plant around 1,000 banana plants per acre, with a cultivation cost of up to 2 million kyats per acre. At harvest time, they can earn around 5 million kyats per acre.

The Shwebo District Agriculture Department is also actively providing field-based knowledge and guidance to promote good agricultural practices, including discussions on the safe production of consumable banana by minimizing chemical residues and encouraging the use of registered pesticides according to the recommended dosages. 206

# Egypt's 1st int'l air-show kicks off with China's homegrown plane on solo display

**Cairo September 4**

The first edition of the Egypt International Airshow kicked off on Tuesday at a northern airport in the country, with flight performances by air forces from Egypt, China, and other countries.

Egyptian President Abdel-Fattah al-Sisi inaugurated the airshow, which is scheduled to run from Tuesday to Thursday at El Alamein International Airport in El Dabaa, Matrouh Governorate, the Egyptian state TV reported.

The event has attracted more than 300 aviation and aerospace companies and agencies, as well as relevant authorities representing about 100 countries and regions, according to the report.

Among the participants are several Chinese companies, which have brought with them scale models of different types of aircraft, including China's self-developed large passenger aircraft, the C919.

The first day of the airshow began with a flight performance by the Egyptian Air Force's Silver Stars. Air forces from China, the United States, France, Italy, the Czech Republic, Saudi Arabia, the United Arab Emirates, Türkiye, and India also presented their flight performances, including a notable solo display of the Y-20, China's domestically developed large transport aircraft. Xinhua



Aircraft are on display at the Egypt International Airshow at El Alamein International Airport in El Dabaa, Matrouh Governorate, Egypt, on Sept. 3, 2024.

# 3,000-year-old cedar knocked over by powerful typhoon in southwest Japan

**Tokyo September 4**

A massive 3,000-year-old cedar on Yakushima Island in Kagoshima Prefecture in southwestern Japan has been toppled, apparently due to strong winds brought by Typhoon Shanshan, local media reported.

At its full height, the cedar stood about 26 meters high with a circumference stretching 8 meters around its trunk. Local tour guides found it collapsed on Saturday, broken near its base, Kyodo News reported on Tuesday.

Yakushima Island, known for its more than 1,000-year-old "Yakusugi" cedars, was designated as a World Natural Heritage site in 1993.

Typhoon Shanshan, also referred to as Typhoon No. 10, approached the island from Aug. 27 to 29, with wind speeds of up to 168.48 kilometers per hour, according to the local weather observatory.

The powerful typhoon had left seven people dead and more than 120 injured, with over 1,000 homes damaged due to gusts of wind and flooding, as it churned off the Pacific coast of central Japan, local media reported. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရတ်စစ်ဘက်က Kirkuk မြို့တွင် တူကီယဲထုတ် ဒရုန်းတစ်စင်းကို ပစ်ချနိုင်ခဲ့







အီရတ်စစ်ဘက်သည် နိုင်ငံမြောက်ပိုင်းရှိ မဟာဗျူဟာမြောက်မြို့ဖြစ်သည့် Kirkuk မြို့တွင် တူကီယဲနိုင်ငံထုတ် ဒရုန်းတစ်စင်း ပစ်ချနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ Kirkuk မြို့တွင် ဩဂုတ် ၂၉ ရက်က တူကီယဲထုတ် ဒရုန်းတစ်စင်းကို အီရတ်စစ်ဘက်က ပစ်ချခဲ့သည်။ ရေနံကြွယ်ဝပြီး မဟာဗျူဟာမြောက် အရေးပါသော Kirkuk ဒေသသည် ဘဂ္ဂဒက်မြို့တော်ရှိ ဖက်ဒရယ်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော်လည်း ၎င်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ်စတန်ဒေသ၏ နယ်မြေများအနီးတွင် တည်ရှိသည်။ အဆိုပါဖြစ်ရပ်သည် အီရတ်နိုင်ငံမြောက်ပိုင်းတွင် စစ်ဆင်ရေးအတွင်း တူကီယဲထုတ် ဒရုန်းများ မကြာခဏ ပျက်ကျခြင်း၊ ပစ်ချခံရခြင်းများထဲမှ တစ်ခုလည်းဖြစ်သည်။

တူကီယဲနိုင်ငံသည် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် ကာဒစ်အလုပ်သမားပါတီ (PKK)ကို တိုက်ခိုက်ချေမှုန်းသည့် စစ်ဆင်ရေးများ ပုံမှန်ပြုလုပ်လေ့ရှိသည်။ အဆိုပါ စစ်ဆင်ရေးများတွင် PKK အဖွဲ့အခြေချလျက်ရှိရာ နောက်ပိုင်းဧရိယာများဖြစ်သည့် အီရတ်နိုင်ငံ မြောက်ပိုင်းဒေသများရှိ တောင်တန်းတောင်ကုန်းများတစ်ဝိုက်တွင် လေကြောင်း ထိုးစစ်ဆင်မှုများနှင့် မြေပြင်ချေမှုန်းရေးပြုလုပ်မှုများ ပါဝင်လေ့ရှိသည်။ တူကီယဲနိုင်ငံသည် အဆိုပါဒေသတွင် စစ်အခြေစိုက်စခန်းများထားရှိပြီး ကာဒစ်စတန်ဒေသတွင် နှစ်ပေါင်း ၂၅ နှစ်တိုင် စစ်အင်အားတပ်ဖြန့်ချထားမှုကို ခိုင်မာအားကောင်းစေခဲ့သည်။

အီရတ်စစ်ဘက်မှ ပစ်ချခဲ့သော တူကီယဲထုတ် ဒရုန်းမော်ဒယ်လ်မှ ရရှိနိုင်သော အပျက်အစီးဓာတ်ပုံများနှင့် ကိုယ်ထည်မှတ်ပုံတင် နံပါတ်ပြားများကို အခြေခံ၍ Aksungur ဒရုန်းအမျိုးအစားဖြစ်ကြောင်း သိရသည်။ Aksungur ဒရုန်းသည် ခန့်မှန်းခြေအားဖြင့် တောင်ပံအလျား ၂၄ မီတာနှင့် အရှည် ၁၂ မီတာရှိသော အလယ်အလတ်အမြင့်ပျံ၊ လေထဲတွင် ကြာရှည်ပျံသန်းနိုင်စွမ်းရှိသော MALE ဒရုန်းအမျိုးအစားဖြစ်သည်။ Payload အလေးချိန် ကီလိုဂရမ် ၇၅၀ သယ်ဆောင်နိုင်ကာ စောင့်ကြည့်ထောက်လှမ်းရေးနှင့်ကင်းထောက်ရေး၊ တိုက်ခိုက်ရေးတာဝန်များ စသည်ဖြင့် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် လေထဲတွင် နာရီပေါင်း ၅၀ ကြာ ထူးခြားစွာ ပျံသန်းနေနိုင်စွမ်းဖြင့် အမြင့် ပေ ၄၀၀၀၀ တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ ခန့်ထိ စစ်ဆင်ရေးအခြေအနေအမျိုးမျိုးတွင် ဘက်စုံသုံးနိုင်စေမည်ဖြစ်သည်။ အချိန်ကြာမြင့်စွာ စောင့်ကြည့် ထောက်လှမ်းခြင်း စစ်ဆင်ရေးများကို လုပ်ဆောင်နိုင်ရုံသာမက ဝေဟင်မှ မြေပြင်ပစ်ဗုံးများ သို့မဟုတ် ဒုံးကျည်များကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသောကြောင့် တိုက်ခိုက်မှုများကို တိကျစွာဆောင်ရွက်နိုင်စွမ်း ရှိမည်ဖြစ်ကြောင်း သိရသည်။

အင်တာနက် လူမှုကွန်ရက်မီဒီယာအကောင့်များမှ ရရှိထားသောဓာတ်ပုံများအရ အီရတ်နိုင်ငံ လေကြောင်းပိုင်နက်အတွင်း အခွင့်မရှိဘဲ ဝင်ရောက်လာသည့် တူကီယဲထုတ် ဒရုန်းတစ်စင်းကို ပစ်ချနိုင်ခဲ့သည့် လက်နက်စနစ်မှာ Pantsir-S1 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဖြစ်သည်ဟု သံသယဖြစ်ဖွယ်မရှိ တွေ့မြင်ခဲ့ရကြောင်း သိရသည်။

**Iraqi Army Downs Turkish Drone Over Kirkuk Amid Rising Tensions** ကို ဘာသာပြန်ဆိုထားပါသည်။

## ရိုမေးနီးယားအစိုးရက ယူကရိန်းသို့ Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များပံ့ပိုးရန် အတည်ပြုခဲ့



ရိုမေးနီးယားအစိုးရသည် ယူကရိန်းနိုင်ငံအတွက် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် ပံ့ပိုးမှုဆိုင်ရာဥပဒေမူကြမ်းကို အမေရိကန်နိုင်ငံနှင့် သဘောတူအတည်ပြုခဲ့ကြောင်းArmy Recognition သတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် ရိုမေးနီးယားနိုင်ငံသမ္မတ Klaus Iohannis ဦးဆောင်သောရိုမေးနီးယားကာကွယ်ရေးထိပ်တန်းကောင်စီအဖွဲ့က Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်အား ယူကရိန်းနိုင်ငံကို ပံ့ပိုးရန် ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါဆုံးဖြတ်ချက်သည် ရိုမေးနီးယားနိုင်ငံ၏ လက်ရှိ Patriot စနစ်လေးစုံ တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှု အခြေအနေနှင့် နောက်ထပ် လက်နက်စနစ်သုံးစုံ ဝယ်ယူရေးဆိုင်ရာတိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များထဲမှ လက်နက်တစ်စုံစာကို ယူကရိန်းနိုင်ငံသို့ ပံ့ပိုးပေးပို့သွားရန် ဆုံးဖြတ်ချက်သည် ရိုမေးနီးယားနိုင်ငံကာကွယ်ရေးအတွက် လုံခြုံစိတ်ချရစေရန် အစားထိုးထပ်မံ ဖြည့်တင်းပေးနိုင်ရေးကို အမေရိကန်နိုင်ငံအပါအဝင် မဟာမိတ်နိုင်ငံများနှင့် ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်နေသည့်အပေါ် မူတည်နေသည်။ အဆိုပါချဉ်းကပ်မှုသည် အမျိုးသားလုံခြုံရေး၊ NATO မဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်မှုနှင့် ရိုမေးနီးယားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်ရည်ရွယ်၍ အဆင့်လိုက် အကောင်အထည် ဖော်နေခြင်းပင်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ရေးဦးစီးချုပ်၏ ဆုံးဖြတ်ချက်ကို ရိုမေးနီးယားနိုင်ငံအာဏာပိုင်များက နည်းပညာပိုင်းဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက်များဖြင့် ထောက်ခံခဲ့ကြပြီး၊ ဤလွှဲပြောင်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အားနည်းချက်များကိုဖြေရှင်းရန် အစီအမံများဖြင့် ထောက်ပြပေးထားသည်။ ရိုမေးနီးယားနိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေး အခြေခံအဆောက်အအုံကိုအားဖြည့်ရန် မဟာမိတ်များနှင့် ဆက်လက်ဆွေးနွေးရန် စီစဉ်ထားသေးကြောင်း သိရသည်။

Patriot PAC-2 လက်နက်စနစ်ဗားရှင်းသည် လေယာဉ်နှင့်ပဲ့ထိန်းဒုံးကျည်များကိုတန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည့် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဖြစ်သည်။ ၎င်းသည် ပစ်မှတ်အနီးတွင် ပေါက်ကွဲဖျက်ဆီးနိုင်သော Blast-Fragmentation ထိပ်ဖူးကို အသုံးပြုကာ မြန်နှုန်းမြင့်ပေါက်ကွဲစများ ပြန့်ကြဲ၍ ပစ်မှတ်ကိုတိုက်ခိုက်ဖျက်ဆီးနိုင်ခြင်းပင်ဖြစ်သည်။ Patriot PAC-2 စနစ်သည် အများဆုံးအကွာအဝေး ကီလိုမီတာ ၁၆၀၊ အမြင့်ပေအမျိုးမျိုးရှိ ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိကာ ဒုံးကျည်များစွာကို တစ်ပြိုင်နက် ခြေရာခံထိန်းကျောင်းလမ်းညွှန်ပေးနိုင်သည့် ရေဒါစနစ်ဖြင့် ပံ့ပိုးပေးထားသည်။ အဆင့်မြှင့်တင်ထားသော Patriot PAC-3 လက်နက်စနစ်ဗားရှင်းတွင် ပစ်မှတ်များကိုဖျက်ဆီးရန်အတွက် Hit-to-Kill(ထိကွဲနည်းပညာ) ပါဝင်ပြီး တိကျမှုတိုးမြှင့်ထားသည်။ Patriot PAC-3 လက်နက်စနစ်သည် PAC-2 နှင့်နှိုင်းယှဉ်ပါက ဒုံးပစ်လောင်ချာတစ်ခုစီတွင် ယခင်က ဒုံးကျည်လေးစင်းသာ သယ်ဆောင်နိုင်သော်လည်း PAC-3 တွင်မူ ဒုံးကျည် ၁၆ စင်းထိ သယ်ဆောင်နိုင်ကာ နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်ရန်အတွက် အကောင်းဆုံးတီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ PAC-3 လက်နက်စနစ်ဗားရှင်းသည် ပိုမိုအားကောင်းသော ရော့ကတ်မော်တာနှင့် အဆင့်မြင့် လမ်းညွှန်စနစ်ကြောင့် အမြန်နှုန်း၊ ထိန်းကျောင်းနိုင်မှုနှင့် ပစ်မှတ်ခွဲခြားမှုတို့တွင် သိသိသာသာအဆင့်မြင့်မားကောင်းမွန်လာကြောင်း သိရသည်။

**Romanian Government approves donation of US Patriot surface-to-air missile system to Ukraine** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီး-ဟိုပုံး-ဆီဆိုင် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ရှမ်းတိုင်းရင်းသားများနှင့်ပအိုဝ်းတိုင်းရင်းသားအများစု အေးချမ်းစွာသွားလာနေထိုင်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့သို့ရောက်ရှိရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့မဈေးအား အသစ်ပြန်လည်တည်ဆောက်သွားမည့် အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသစ်ပြန်လည်ဆောင်ရွက်မည့်မြို့မဈေးအား ခေတ်နှင့်လျော်ညီသည့် အဆင့်မြင့်ဈေးပုံစံဖြစ်စေရေး၊ ဆိုင်ခန်းများသင့်တင့်သည့် အကျယ်အဝန်းဖြစ်စေရေးဆောင်ရွက်သွားရန်၊ ရေ၊ မီးစနစ်များ၊ ယာဉ်ရပ်နားရန်နေရာများမှအစ စနစ်တကျတွက်ချက်၍ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအငှားအိမ်ရာသို့ရောက်ရှိကြရာ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇဝနရာမကျောင်းတိုက်သို့ ရောက်ရှိကြပြီး လက်ထောက်ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တပညာသီလနှင့်သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသသည် ရေခံမြေခံကောင်းကို ပိုင်ဆိုင်ထားသည့် ဒေသဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အလားအလာကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ သို့သော်လည်း **အစဉ်အဆက်တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာနေထိုင်ခဲ့သော ပအိုဝ်းတိုင်းရင်းသားတို့၏ ဆီဆိုင်ဒေသသည် PNLO အကြမ်းဖက်အဖွဲ့၏ အခွင့်အလမ်းတစ်ခုကိုမျှော်မှန်းပြီး ဆောင်ရွက်သည့် မိုက်မဲသည့် အကြမ်းဖက်လုပ်ရပ်ကြောင့် ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရ**ကြောင်း၊ **ဒေသတစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာ ရပ်တန့်နေ၍မရဘဲ ရှေ့သို့အစဉ်အဆက် ဆက်လက်လှမ်းချီနေရမည်၊ အလုပ်လုပ်နေရမည်ဖြစ်**ကြောင်း၊ ရပ်တန့်နေပါက မိမိတို့အနေဖြင့် နောက်တွင်ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော **အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေရခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးကြန့်ကြာနေရကြောင်း၊** ဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည်မှာ ဒေသခံများသာဖြစ်သကဲ့သို့ ဒေသ၏ မတည်ငြိမ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျအောင် ဆောင်ရွက်သည်မှာလည်း ဒေသခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိတို့ဒေသ**

**အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့အပါအဝင် ပတ်ဝန်းကျင်ရှိကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုတို့ကလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လို့. . .**

ဇဝနရာမကျောင်းတိုက်ရှိ လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာသီလနှင့် သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆီဆိုင်မြို့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအငှားအိမ်ရာ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစဉ်။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အတူတကွ ဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသ၏အကျိုးကို အမြင်ကျယ်ကျယ်ဖြင့်ကြည့်၍ အသိဉာဏ်ပွင့်လင်းပြီး အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများဖြင့် ဖော်ဆောင်ကြရန်လိုကြောင်း။

ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ဒေသ၏ ပညာရေး၊ ကျန်းမာရေး အပါအဝင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်မှုသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသခံများ ပညာရေးကို အားပေးကြစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဒေသ၏အနာဂတ်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ **အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့အပါအဝင် ပတ်ဝန်းကျင်ရှိကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုတို့ကလည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊** ရှေ့သို့မတိုးနိုင်ဘဲ ရပ်တန့်နေခြင်းသည် ဒေသနှင့်နိုင်ငံတော်အတွက် ဆုံးရှုံးမှုပင်ဖြစ်သဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ရာ ကိုယ်စားလှယ်များက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆီဆိုင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၃၁၀ တွင်တည်ရှိပြီး မြောက်ဘက်တွင် ဟိုပုံးမြို့နယ်၊ အရှေ့ဘက်တွင် မောက်မယ်မြို့နယ်၊ တောင်ဘက်တွင် ကယားပြည်နယ်၊အနောက်ဘက်တွင် ဖယ်ခုံမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ပအိုဝ်းတိုင်းရင်းသားအများစု အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်ကြသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ သို့သော်လည်း PNLO အကြမ်းဖက်အဖွဲ့အနေဖြင့် KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မြောက်ပင့်စည်းရုံးမှုကြောင့် ဒေသအတွင်း အာဏာတည်ဆောက်နိုင်ရေး၊ အကြမ်းဖက်အုပ်ချုပ်ရေးအတွက် အကြောက်တရားဖြင့် မိမိတို့လူမျိုးတူ ပအိုဝ်းတိုင်းရင်းသားတို့အပေါ် စာနာမှုကင်းမဲ့စွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ခြင်းကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်ဆုံးရှုံးခဲ့ရကြောင်း၊ထို့ကြောင့်PNLO အကြမ်းဖက်အဖွဲ့၏ မိမိလူမျိုးချင်းအပေါ် သစ္စာမဲ့စွာလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် မည်သို့မျှလက်ခံနိုင်ခြင်းမရှိသဖြင့် ဆီဆိုင်မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် ရွာလုံးကျွတ်နီးပါးအင်အားစုစည်း၍ တပ်မတော်၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းလက်တွဲပြီး အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏လက်မှ ဆီဆိုင်ဒေသကို အမြန်ဆုံးပြန်လည်ရယူ ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဆီဆိုင်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်ရလျက်ရှိသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း ပြန်လည်ဝင်ရောက်နေထိုင်၍ အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများကို တွေ့ရစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်စဉ်။

**ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင်နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်းဖြစ်ပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုနောက်ကျစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်သည်မှာလည်း ဒေသခံများပင်ဖြစ်...**

☆ ကျောဖုံးမှအဆက်

ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ လွိုင်ကော်မြို့အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိမှု၊ လူနေရပ်ကွက်များအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်ပင်များစိုက်ပျိုးထားရှိမှု၊ဒေသတွင်း ဆန်နှင့်ဆီဖူလုံမှု၊ သီးနှံစိုက်ပျိုးမှုများအတွက်နှုန်း တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ချေးပေးထားမှု၊ လွိုင်ကော်စက်မှုဇုန်ပြန်လည်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာများနှင့် အစေ့ချကိရိယာများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ ဒေသအတွင်း ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှု၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ လွိုင်ကော်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကောလိပ်နှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဌာနဆိုင်ရာ အဆောက်အအုံများအား ဦးစားပေးအလိုက်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှု၊ သောက်သုံးရေ လုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပျက်စီးခဲ့မှုနှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လွိုင်ကော်လေဆိပ် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ခရီးသည်ယာဉ်လိုင်းများနှင့် ကုန်တင်ယာဉ်များ ပြန်လည်ပြေးဆွဲလျက်ရှိမှု၊ ဆက်သွယ်ရေးတာဝါတိုင်နှင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ထောက်ပံ့ပေးမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သီရိမင်္ဂလာဈေးအသစ် ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ လွိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးဆောင်ရွက်လျက်ရှိမှုနှင့်အားကစားနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး ရှိပျက်စီးခဲ့သည့်ကုသရေးအထောက်အကူပြုစက်ပစ္စည်းများ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဒေသတွင်နေထိုင်သူများက ဒေသ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် လုပ်ဆောင်ခြင်းသည် အလွန်ဆိုးရွားသည့်လုပ်ရပ်ဖြစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မကြာသေးမီကာလက လွိုင်ကော်ဒေသအတွင်း KNDF အဖွဲ့နှင့် PDF အမည်ခံကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့အပါအဝင် မြို့ရွာများထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် ကယားပြည်နယ်အတွင်းနေထိုင်သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက တိုက်ခိုက်သည့်လုပ်ရပ်ဖြစ်သဖြင့် ဆိုးရွားသည့်လုပ်ရပ်များပင်ဖြစ်ကြောင်း၊ **ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်စဉ်။

**တွင် နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်းဖြစ်ပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုနောက်ကျစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်သည်မှာလည်း ဒေသခံများပင်ဖြစ်**ကြောင်း၊ ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းပင်ဖြစ်ကြောင်း။

**စာမျက်နှာ ၁၉ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအား အဆင့်မြင့်သီရိမင်္ဂလာဈေးအသစ်အဖြစ် တည်ဆောက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဆင့်မြင့်သီရိမင်္ဂလာဈေးအသစ်ပြန်လည်တည်ဆောက်ရန်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ထို့ကြောင့် ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးနှင့်ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့်ကိစ္စရပ်များကိုဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလိုကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ယာယီအားဖြင့် ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## ကျန်းမာရေးနှင့် ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်

ဒေသအလိုက်ပညာရေးကဏ္ဍကောင်းမွန်ပါက ဒေသဖွံ့ဖြိုးမှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍတွင်အားနည်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **"အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက"** ဟူသည့်အတိုင်း

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အစိုးရတစ်ခုတည်းသာမက ဒေသခံပြည်သူလူထုမှလည်း အတူတကွ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လို . . .

အတန်းပညာများ သင်ယူချိန်တွင် သင်ကြားပြသပေးသည့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများသည် ကလေးငယ်များ၏ ဘဝတစ်လျှောက်လုံးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ပညာတတ်များ ပေါ်ကြွယ်ဝလာမည်ဆိုပါက ၎င်းတို့ဘဝအတွက် အထောက်အကူပြုစေမည်ဖြစ်သကဲ့သို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကယားပြည်နယ်အတွင်း ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် အားလုံးကဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ လွိုင်ကော်မြို့ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများ ပြန်လည်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များကိုလည်း ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်ပြီး အခြားမြို့များတွင် သွားရောက်ပညာသင်ကြားနေသည့်ကျောင်းသား၊ကျောင်းသူများ မိမိတို့နေထိုင်သည့် ဒေသ၌ ပြန်လည်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများ

**စာမျက်နှာ ၂၀ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လွိုင်ကော်မြို့ ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ် ရွှေစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။

စာမျက်နှာ ၁၉ မှအဆက်

ပညာသင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းနေအရွယ်ကိုကျော်လွန်သွားသည့် လူငယ်များအတွက်လည်း ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် စာကြည့်တိုက်များတွင် စာဖတ်နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ဗဟုသုတများတိုးပွားလာမည်ဖြစ်ကြောင်း။

ကျန်းမာရေးမြှင့်တင်မှုနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် ပြည်သူ့ဆေးကုသမှုမြှင့်တင်ရေးလုပ်ငန်းများကို လွိုင်ကော်ဒေသတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင်လည်း မိမိကိုယ်တိုင်လာရောက်၍ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ယခုအခါတွင်လည်း နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံဖြစ်ရန်လိုကြောင်း၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် သောက်စားမှုများ၊ စားသောက်မှုများမဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ပြီး ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအသိဖြင့် အကျိုးရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း။

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတူတကွဝိုင်းဝန်းဆောင်ရွက်

လွိုင်ကော်ဒေသအတွင်း **အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ပြင်ဆင်ပေးမည်ဖြစ်**ကြောင်း၊ အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဦးစားပေး၍ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်က တည်ဆောက်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသကို မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ကိုယ်စီထိန်းသိမ်း ဆောင်ရွက်ကြစေလို**ကြောင်း၊အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ပြည်နယ် ယဉ်ကျေးမှုပြတိုက်ရှိ ပစ္စည်းများကို ယူဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းများ ဆောင်ရွက်သွားသည်ဟု သိရကြောင်း၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို သင်ခန်းစာယူ၍ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အစိုးရတစ်ခုတည်းသာမက ဒေသခံပြည်သူလူထုမှလည်း အတူတကွဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လို**ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ချိန်တွင် ဒေသအတွင်း ပြန်လည်ဝင်ရောက်နေထိုင်၍ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုကို မိမိအနေဖြင့်ဂုဏ်ယူအသိအမှတ်ပြုချီးကျူးပါကြောင်း။

မိမိတို့အနေဖြင့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း၌လည်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီ ကြိုတင်ပြင်ဆင်သည့်ကာလအတွင်း ကိုယ်စားလှယ်လောင်းများအနေဖြင့် စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုများရရှိအောင် ဆောင်ရွက်ကြရသည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ရာ ပြည်နယ် ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေအိမ်အဆောက်အအုံများ၊ လမ်းတံတားများကိုပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးထားမှုများ၊ ပြည်သူများ အနေဖြင့် အေးချမ်းစွာဖြင့် ပုံမှန်သွားလာလုပ်ကိုင် နေထိုင်လျက်ရှိမှုများကို ကြည့်ရှုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ် ရွှေစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လွိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ် ရွှေစေတီတော်မြတ်ကြီးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအား အဆင့်မြင့်သီရိမင်္ဂလာဈေးအသစ်အဖြစ် တည်ဆောက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတစ်ဦးက ဈေးအသစ်ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်၏မြို့တော်ရှိ ဈေးဖြစ်သဖြင့် တည်ဆောက်ရာတွင် အဆင့်မီသည့်ဈေးကြီးတစ်ခုအဖြစ်တည်ဆောက်နိုင်ရေး စနစ်တကျဒီဇိုင်းရေးဆွဲတည်ဆောက်သွားရန်လိုကြောင်း၊ ဆိုင်ခန်းများ၊ ကားရပ်နားရန်နေရာများ စနစ်တကျတည်ဆောက်ရန်နှင့် ရေပေးဝေမှုစနစ်များ၊ အမှိုက်စွန့်ပစ်မှုစနစ်များ စနစ်တကျရှိစေရေး ကြိုတင်တွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ပြင်ဆင်ပေးမည်ဖြစ်၊ နိုင်ငံတော်က တည်ဆောက်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသကို မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ကိုယ်စီထိန်းသိမ်းဆောင်ရွက်ကြစေလို . . .**

စာမျက်နှာ ၂၁ သို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လွိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

စာမျက်နှာ ၂၀ မှအဆက်

## သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စေတီတော်ကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးရှိခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လွိုင်ကော်မြို့ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်မြတ်ကြီးရှိ ခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများကို စစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) နယ်မြေအတွင်း နယ်မြေ တည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

ဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးအောင်ကျော်ခိုင်က နယ်မြေဒေသလုံခြုံရေးအတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ လွိုင်ကော်မြို့နှင့် လွိုင်ကော်လေဆိပ်လုံခြုံရေး၊ လမ်း၊ တံတားများလုံခြုံရေးလုပ်ငန်း များဆောင်ရွက်လျက်ရှိမှုနှင့် တပ်နယ်များအလိုက်နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ KNPP အဖွဲ့၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်မှုပျက်ပြားစေရန်လုပ်ဆောင်လျက်ရှိမှု၊ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများ ဖမ်းဆီးရမိမှုနှင့် လက်နက်ခဲယမ်းများသိမ်းဆည်းရမိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၁ ခုနှစ်မှ စတင်၍ လွိုင်ကော်ဒေသအတွင်း တိုက်ပွဲများဖြစ်ပေါ်ခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် လွိုင်ကော်ဒေသတို့တွင် တိုက်ပွဲများ တစ်ချိန်တည်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအနေဖြင့် ကြံ့ကြံ့ခံ၍ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လွိုင်ကော်မြို့နှင့် ဆက်စပ်နေရာများတွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပြီး ကယားပြည်နယ်ကို ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကုလသမဂ္ဂဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂဆိုင်ရာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာ



ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၁)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 21st ASEAN Chiefs Of Defence Forces Meeting (ACDFM-21)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြသည်။

အဆိုပါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြရာ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် ခင်မောင်စိုးနှင့် တာဝန်ရှိသူများက Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ကို လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးသည် ယနေ့ညပိုင်းတွင် ဗီယင်ကျန်းမြို့ Latsavong Wanda Vista Hotel ၌ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က တည်ခင်းဧည့်ခံသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး အထိမ်းအမှတ် ကြိုဆိုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့်အတူ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး (၂၁)ကြိမ်မြောက် အာဆီယံ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ အစည်းအဝေး အထိမ်းအမှတ် ကြိုဆိုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၅ ရက်သာ လိုတော့သည်

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်ကြည့်ရှုအားပေး



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကိုယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့်တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ဂုဏ်ပြုကြိုဆိုကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ဂုဏ်ပြုကြိုဆိုစဉ်။

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Leo Kyaw (Kyaw Soe Moe)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၁) ရပ်ကွက်နေ ကျော်စိုးမိုးအား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Min Maung Maung” Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေ မင်းမောင်၊ “Si Thu Aung” Facebook အကောင့်နှင့် “Si Thu Aung” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ စည်သူလှိုင်(ခ) ကိုလှိုင်တို့ကို မွန်းလွဲ ၁ နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ “@zarchi20023” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဆူးလေကုန်းရပ်ကွက်နေ ဇာခြည်နွယ်(ခ)နွယ်နွယ်အား ည ၇ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “tintinwin naing” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကူးမြို့နယ် ဇီးကျွန်းကျေးရွာနေ တင်တင်မအား ည ၈ နာရီခွဲတွင်လည်းကောင်း၊ “Myayadana Bo” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အောင်မြေရပ်ကွက်နေ သီတာမိုး(ခ)ကူးကူးအား ည ၁၀ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Myo Ma Ma” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၃)ရပ်ကွက်နေ မျိုးမမ(ခ)ပေါက်ပေါက်အား ည ၁၀ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (မြဝ)

# မီးတောင်ဟောင်း၏ သဘာဝတွင်းထွက်ကျောက်များနှင့် အပူပိုင်းဒေသတွင် အိုအေစစ်သဖွယ် တောတောင်အလှတို့ဖြင့် ခရီးသွားများကို ဆွဲဆောင်နေ

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ၏ အပူပိုင်းဒေသတွင် အိုအေစစ်သဖွယ် စိမ်းစိုလှပလျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်အနီး၌ တည်ရှိသော ပုပ္ပားတောင်အမျိုးသားဥယျာဉ်တွင် နှစ်ပေါင်း ၃၂၀၀၀၀ ခန့်က မီးတောင်ဟောင်း၏ သဘာဝတွင်းထွက်ကျောက်များနှင့် အိုအေစစ်သဖွယ် တောတောင်စိမ်းစိမ်းအလှတို့ဖြင့် ခရီးသွားများ အပန်းဖြေလည်ပတ်နိုင်ရန် ဆွဲဆောင်လျက်ရှိသည်။

ပုပ္ပားတောင်နှင့် ပုပ္ပားတောင်အမျိုးသားဥယျာဉ်သည် ရာသီအလိုက် တောတောင်ရှုခင်းတို့ဖြင့် လှပနေလေ့ရှိပြီး မိုးရာသီ၌ အင်တိုင်းတော၊သန်းဒဟတ်တောအတွင်း ပရဆေးဖက်ဝင် အပင်မျိုးစိတ်များ၊ စန္ဒကူးသစ်မျိုးများ၊ ရှားပါးမျိုးစိတ်စာရင်းဝင် ရွှေသမင်နှင့် မျောက်ကွင်းဖြူမျောက်မျိုးစိတ်များနှင့် ငှက်မျိုးစုံတို့ကို တောင်ပေါ်လေ့လာရေးခရီးစဉ်နှင့်အတူ လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။

ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို ၂၀၂၄ခုနှစ် မတ် ၂၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဘူမိဥယျာဉ်(Geopark)သည် ဘူမိအမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေမြေတောတောင် သဘာဝအလှတို့ကို စနစ်တကျ ထိန်းသိမ်းကာကွယ်ထားရာ ပညာပေးရေး၊ သုတေသနဖွံ့ဖြိုးရေးတို့အတွက် စနစ်တကျ စီမံအုပ်ချုပ်ထားသည့် နိုင်ငံအဆင့်အရေးပါသော ဘူမိဥယျာဉ်တစ်ခုဖြစ်သည်။ နိုင်ငံတော်၏ ရေရှည်မျှော်မှန်းချက်တွင် နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ယနေ့အချိန်ထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်းကို ဖွဲ့စည်းသတ်မှတ်ပြီးဖြစ်ရာ အမျိုးသားအဆင့်ဘူမိဥယျာဉ်မှ တစ်ဆင့် ကမ္ဘာ့အဆင့်ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်တွင် ဘူမိနယ်မြေ ၁၅ခုဖြင့် ဖွဲ့စည်းထားပြီး အဆိုပါဘူမိဥယျာဉ်သည် မြန်မာနိုင်ငံတွင် ပထမဆုံးသော အမျိုးသားအဆင့် ဘူမိဥယျာဉ်တစ်ခုလည်းဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ ခရီးသွားများအနေဖြင့် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်အတွင်းရှိ ဘူမိနယ်မြေ(Geosite)များဖြစ်သော ပုပ္ပားတောင်ထိပ်၊ မီးတောင်ပြကျောက်နှင့် ဧရာဝတီသဲကျောက်လွှာ၊ ဧရာဝတီကျောက်လွှာစု၊ တောင်နီတောင်ချယ်ဆီဒိုနီနှင့် မြေစေးတွင်းထွက်၊ ပရဆေးဥယျာဉ်နှင့်ပညာပေးပြခန်း၊ စန္ဒကူးတောနှင့်မြန်မာ့ရွှေသမင်ခြံ၊ ငှက်သိုက်လျှို ချောက်ကမ်းပါး၊ ကုန်းပြင်မြင့်ချော်လွှာရှုခင်းသာ၊ ဗဆော့ဆန်သောချော်ရည်စီးကြောင်းနေရာ၊ တောင်ပေါ်ရွာ(တောင်)ရှုခင်းသာ၊ ပုပ္ပားတောင်ကလပ်အင်ကြင်းကျောက်၊ တောင်နားတောင်ရှုခင်းသာ၊ ပုပ္ပားတောင်မကြီး မီးတောင်ဝနှင့် ဂံမိုးအိုင် လေ့လာရေးနေရာများသို့ စိတ်လက်ပေါ့ပါးစွာ လာရောက်အပန်းဖြေ ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)



# စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာဆက်ဆံရေးတိုးမြှင့်သွားမည့် အိန္ဒိယနှင့်မလေးရှား

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်သည် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်ထိ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ၎င်းတို့သည် ဩဂုတ် ၂၀ ရက်တွင် နယူးဒေလီမြို့၌ တွေ့ဆုံပြီးနောက် အိန္ဒိယနှင့်မလေးရှားနိုင်ငံတို့သည် စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာဆက်ဆံရေးတို့ကို တိုးမြှင့်သွားရန် ကတိကဝတ်ပြုခဲ့သည်။

နှစ်နိုင်ငံဝန်ကြီးချုပ်များ တွေ့ဆုံဆွေးနွေးပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ဝန်ကြီးချုပ် မိုဒီက ၂၀၂၂ ခုနှစ်နှောင်းပိုင်း အန်ဝါအီဘရာဟင် ဝန်ကြီးချုပ်တာဝန်စတင်ထမ်းဆောင်ကတည်းက မိမိတို့နှစ်နိုင်ငံဆက်ဆံရေးတွင် အရှိန်အဟုန်သစ်တစ်ရပ်ရရှိခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့ဆက်ဆံရေးကို ပြီးပြည့်စုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးသို့အဆင့်တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွင် အလားအလာကောင်းများစွာရှိနေကြောင်းကို မိမိတို့ယုံကြည်ထားကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် ကာကွယ်ရေးစက်မှုလုပ်ငန်း၊ AI နှင့် ကွမ်တန် နည်းပညာကဲ့သို့သော ခေတ်မီနည်းပညာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်ကို ဩဂုတ် ၁၉ ရက်တွင် အိန္ဒိယသမ္မတနန်းတော် RashtrapatiBhavan ၌ အခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်အန်ဝါသည် အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင် မဟတ္တမဂန္ဒီ၏ အောက်မေ့ဖွယ်ဂူဗိမာန် Rajghat သို့ သွားရောက်ဂါရဝပြုခဲ့သည်။

အိန္ဒိယနှင့်မလေးရှားနိုင်ငံတို့ကြားတွင် သမိုင်းကြောင်းဆိုင်ရာ ချည်နှောင်မှုများစွာ ရှိနေသည်။ အထင်ရှားဆုံးအချက်အနေဖြင့် မလေးရှားနိုင်ငံတွင် အိန္ဒိယမျိုးနွယ်ဖွား မလေးရှား သုံးသန်းခန့်နေထိုင်လျက်ရှိသည်။ သို့သော် နှစ်နိုင်ငံဆက်ဆံရေးသည် မကြာသေးမီနှစ်များအတွင်း အတက်အကျများရှိခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း မဟာသီဟာမိုဟာမက်သည် ကက်ရှ်မီးယားဒေသတွင်ပြဋ္ဌာန်းသွားမည့် မိုဒီအစိုးရအဖွဲ့၏ မူဝါဒများအပေါ် အပြင်းအထန်ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ အထူးသဖြင့် အိန္ဒိယအစိတ်အပိုင်း ကက်ရှ်မီးယားပြည်နယ်တွင် ကာလရှည်ကြာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြဋ္ဌာန်းထားမှုကိုရုပ်သိမ်းမည့် အငြင်းပွားဖွယ်ဆုံးဖြတ်ချက်အပေါ် ကန့်ကွက်ခဲ့ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယကုန်သည်ကြီးများသည် မလေးရှားစားအုန်းဆီတင်သွင်းမှုကို သပိတ်မှောက်ခဲ့ပြီး နှစ်နိုင်ငံကြားဆက်ဆံရေး အေးခဲလာခဲ့သည်။

သို့သော် နှစ်နိုင်ငံသည် အဆိုပါအသေးအဖွဲပြဿနာကိုကျော်လွှားခဲ့ဖွယ်ရာရှိပြီး စီးပွားရေးဆိုင်ရာချိတ်ဆက်မှုများသည် တဖြည်းဖြည်းချင်းပြန်လည်တိုးတက်လာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် မလေးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် အိန္ဒိယနိုင်ငံ၏ တတိယအကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့ပြီး စားအုန်းဆီနှင့် အီလက်ထရွန်နစ်ကုန်ပစ္စည်းများ အများဆုံးကုန်သွယ်မှုပြုလုပ်နိုင်ခဲ့သည်။ ထို့ပြင် မလေးရှားနိုင်ငံတွင် အလုပ်လုပ်နေသော အိန္ဒိယနိုင်ငံသားအရေအတွက်မှာလည်း တိုးတက်လာခဲ့သည်။ မလေးရှားအစိုးရစာရင်းအင်းအချက်အလက်များအရ ၂၀၂၃ ခုနှစ် ဒုတိယလေးလပတ်ကာလအတွင်း မလေးရှားနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် အိန္ဒိယခရီးသွား ဦးရေ ၃၂၅၀၀၀ ရှိခဲ့ပြီး ယခင်နှစ်ကထက် ၁၆၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု ဆိုသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်အတွင်း မလေးရှားနှင့်အိန္ဒိယနိုင်ငံတို့၏ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၃ ဘီလီယံရှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် မလေးရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄ ဘီလီယံတန်ဖိုးရှိ စားအုန်းဆီနှင့် စားအုန်းဆီအခြေခံသည့်ထုတ်ကုန်များကို တင်သွင်းခဲ့သည်။ အလားတူ မလေးရှားနိုင်ငံအနေဖြင့်လည်း အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံတန်ဖိုးရှိ ရေနံဓာတုထုတ်ကုန်များနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ ဘီလီယံတန်ဖိုးရှိ စိုက်ပျိုးရေးထုတ်ကုန်များ တင်သွင်းခဲ့သည်။



ဩဂုတ် ၂၀ ရက် အစည်းအဝေးတွင် အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် မလေးရှားဝန်ကြီးချုပ်အန်ဝါတို့သည် အလုပ်သမားများ ရွှေ့ပြောင်းသွားလာမှုကို အားပေးရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများတွင် ကိုယ်ပိုင်ငွေကြေးကိုအသုံးပြုသွားရန် သဘောတူညီခဲ့သည်။

မလေးရှားဝန်ကြီးချုပ်အန်ဝါက အိန္ဒိယနှင့် မလေးရှား နှစ်နိုင်ငံ၏ အများပိုင်နှင့်ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်စလုံးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားလိုကြောင်း၊ အထူးသဖြင့် စွမ်းအင်ကူးပြောင်းမှု၊ ဒစ်ဂျစ်တယ်နှင့်စားနပ်ရိက္ခာလုံခြုံမှုကဲ့သို့သော စိန်ခေါ်မှုရှိသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ အရှေ့တောင်အာရှဒေသတွင် မလေးရှားနိုင်ငံကို ဗဟိုချက်မအဖြစ်သဘောထားသောကြောင့် တစ်ပိုင်းလျှပ်ကူးစက်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် လွန်စွာအရေးပါကြောင်း၊ အိန္ဒိယအနေဖြင့် အဆိုပါနယ်ပယ်တွင် အောင်မြင်မှုရရှိလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့ကို အချိန်တိုကာလအတွင်း ခိုင်မာအားကောင်းသော မိတ်ဆွေနိုင်ငံများအဖြစ် ရပ်တည်နိုင်ရန် ကတိကဝတ်ပြုထားကြောင်း ပြောကြားခဲ့သည်။

ဩဂုတ် ၂၀ ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးက အိန္ဒိယနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့မှုကန့်သတ်ချက်ကို ဖြေလျှော့လျက် မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၀၀၀၀၀ ခန့်တင်ပို့သွားမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံအနေဖြင့် ကာကွယ်ရေးပစ္စည်းနှင့် နိုင်ငံပိုင် Hindustan Aeronautics Ltd. က တည်ဆောက်ထားသောလေယာဉ်များတင်ပို့ရန် ဈေးကွက်ဖြစ်နိုင်ခြေရှိမှုကို အိန္ဒိယနိုင်ငံအနေဖြင့် လေ့လာလျက်ရှိကြောင်းပြောကြားသွားခဲ့သည်။

ထို့ပြင် အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်းသည် ၂၀၂၃ ခုနှစ် မလေးရှားနိုင်ငံခရီးစဉ်အတွင်း ဇူလိုင် ၁၁ ရက်တွင် နိုင်ငံပိုင်ကာကွယ်ရေးကုမ္ပဏီဖြစ်သည့် Hindustan Aeronautics Limited ဒေသရုံးခွဲဖွင့်လှစ်သည့်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ထိုသို့ဖွင့်လှစ်ခြင်းသည် အရှေ့တောင်အာရှရှိ စစ်လက်နက်ပစ္စည်းဈေးကွက်များတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ကြိုးပမ်းမှုတစ်ခုပင်ဖြစ်သည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်းနှင့် မလေးရှားကာကွယ်ရေးဝန်ကြီး မိုဟာမက်ဟာဆန်တို့သည် ၁၉၉၃ ခုနှစ်တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် MoU တွင် ပြင်ဆင်မှုများလုပ်ဆောင်ခဲ့သည်။ အဆိုပါပြုပြင်ပြောင်းလဲမှုသည် ကာကွယ်ရေးဆိုင်ရာ တိုးချဲ့ပူးပေါင်းဆောင်ရွက်မှုအတွက် သိသာထင်ရှားသော အထောက်အကူတစ်ရပ်ဖြစ်သည့်အပြင် ၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံထူထောင်ခဲ့သော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်မြှင့်တင်မှု အပြည့်အဝအကောင်အထည်ဖော်နိုင်မှု အလားအလာကောင်းတစ်ရပ်လည်းဖြစ်သည်။

ကက်ရှ်မီးယားအရေးနှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာဖြစ်ခဲ့သော်လည်း နှစ်နိုင်ငံစလုံးသည် ဆက်ဆံရေးတိုးတက်ရန် စိတ်ပါဝင်စားလျက်ရှိသည်။ အိန္ဒိယနိုင်ငံအနေဖြင့် အရှေ့တောင်အာရှတစ်ခုလုံးနှင့် လွှမ်းခြုံမည်ဆိုလျှင် အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးနောက်ကျကျန်ရစ်နေကြောင်းကို သိရှိသဘောပေါက်ထားပြီးဖြစ်သည်။ အထူးသဖြင့် နှစ်နိုင်ငံကြားသမိုင်းကြောင်းဆိုင်ရာချိတ်ဆက်မှုများရှိနေသောကြောင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန်လိုအပ်ကြောင်း သိရှိသဘောပေါက်ထားသည်။ မလေးရှားနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်အောင် တည်ဆောက်ခြင်းသည် ဒေသတွင်း၌ တရုတ်နိုင်ငံ၏ စီးပွားရေးအင်အားကို ဟန်ချက်ထိန်းညှိရာတွင် အထောက်အကူဖြစ်စေမည့် အရှေ့တောင်အာရှနိုင်ငံများနှင့် ဆက်ဆံရေးတည်ဆောက်ရာ၌ ချဉ်းကပ်မှုလည်းဖြစ်ပေသည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါအတွက်မူ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ပါဝင်သော BRICS အဖွဲ့သို့ မလေးရှားနိုင်ငံဝင်ရောက်ခွင့်ရရှိရေးအတွက် အိန္ဒိဝန်ကြီးချုပ်မိုဒီ၏ထောက်ခံမှုရရှိအောင်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။ မလေးရှားဝန်ကြီးချုပ်အန်ဝါက မလေးရှားနိုင်ငံအနေဖြင့် BRICS အဖွဲ့၏ လက်ရှိသဘာပတိနိုင်ငံဖြစ်သော ရုရှားအစိုးရထံ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခွင့်လျှောက်လွှာတင်သွင်းထားကြောင်း ဇူလိုင်လအတွင်း ထုတ်ပြန်ကြေညာခဲ့သည်။ အိန္ဒိယနှင့်မလေးရှားနိုင်ငံတို့သည် ကမ္ဘာ့တောင်ခြမ်းအဖွဲ့တွင် ဦးဆောင်အသံထွက်သည့် ဘုံရပ်တည်ချက်တစ်ရပ်ရှိနေသည့်အပြင် မတူကွဲပြားပြီး နိုင်ငံစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်းတွင် အင်အားခိုင်မာတောင့်တင်းမှုနှင့် လွှမ်းမိုးမှုတည်ဆောက်ရာ၌ ဘုံရပ်တည်ချက်ရှာဖွေလျက်ရှိသည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်၏ လက်ရှိခရီးစဉ်သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်စဉ်ကတည်းက အိန္ဒိယနိုင်ငံသို့ ပထမဆုံးခရီးစဉ်ဖြစ်သည်။ ခရီးစဉ်အတွင်း အိန္ဒိယသမ္မတ၊ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးတို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင် မလေးရှား- အိန္ဒိယ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အိန္ဒိယစက်မှုလုပ်ငန်းများမှ ခေါင်းဆောင်များနှင့်လည်း စားပွဲဝိုင်းဆွေးနွေးပွဲများပြုလုပ်နိုင်ခဲ့သည်။ မလေးရှားနိုင်ငံသည် စားနပ်ရိက္ခာအတွက် အိန္ဒိယနိုင်ငံအပေါ် လုံးလုံးလျားလျားမှီတည်ရလျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် ပြည်ပဆန်တင်ပို့မှုများအပေါ် ကန့်သတ်ချက်များဖြေလျှော့ကာ မလေးရှားနိုင်ငံသို့ ဆန်တင်ပို့သွားရန် စီစဉ်လျက်ရှိသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ပဉ္စမမြောက် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး GDP မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၅ ထရီလီယံရှိကာ ၂၀၂၇ ခုနှစ်တွင် ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာရန် ကြိုးပမ်းလျက်ရှိသည်။ အိန္ဒိယ၏ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းသည် အလုပ်အကိုင်အခွင့် ၆၂ ဒသမ ၄ သန်းခန့် ဖန်တီးပေးထားသည်။ ထို့ပြင် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းသည် ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၂ ဘီလီယံထိ ရောက်ရှိရန်မျှော်မှန်းထားသည်။ အိန္ဒိယနိုင်ငံသည် လာမည့်ငါးနှစ်အတွင်း တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်သည့် ကမ္ဘာ့ထိပ်တန်းခုနစ်နိုင်ငံတွင် တစ်နိုင်ငံအဖြစ် ရပ်တည်ရန်ကြိုးပမ်းလျက်ရှိသည်။

ဆိုရလျှင် အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့သည် ၁၉၅၇ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီး ခိုင်မာသောသမိုင်းကြောင်းနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာချိတ်ဆက်မှုများ ရှိနေသည်။ ၂၀၁၅ ခုနှစ်ကတည်းက နှစ်နိုင်ငံဆက်ဆံရေးကို အဆင့်မြင့်မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထူထောင်ခဲ့သည်။ လက်ရှိအချိန်တွင် ပြီးပြည့်စုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထူထောင်သွားမည်ဖြစ်ပြီး စီးပွားရေးနှင့် လုံခြုံရေးအပါအဝင် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် ကြိုးပမ်းလျက်ရှိသည်။

**ကိုးကား**

- **India, Malaysia Pledge to Deepen Economic and Security Ties by The Diplomat.**
- **OFFICIAL VISIT OF THE PRIME MINISTER TO INDIA 19–21 AUGUST 2024 – Press Releases – Portal (kln.gov.my)**
- **Letter | Anwar Ibrahim's visit to India was a power move in the right direction | South China Morning Post (scmp.com)**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အချစ်က မီးလိုပဲ ဇာတ်လမ်းတွဲကို စက်တင်ဘာ ၉ ရက်တွင် Fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် စက်တင်ဘာ ၄**

ခွန်သာချို ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အချစ်က မီးလိုပဲ ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ ၉ ရက်တွင် Fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် ခွန်သာချိုက ပြောပြ၍ သိရသည်။

အချစ်က မီးလိုပဲ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ခွန်သာချိုက ရေးသားထားကာ ဒါရိုက်တာ သော်တာအောင်က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

“ဒီဇာတ်လမ်းတွဲထဲမှာ မချစ်ဖူးလို့ အချစ်ရူးလေးဖြစ်နေတဲ့ သာချိုတစ်ယောက် သူ့ရဲ့အချစ်ကို ခါးခါးသီးသီးဖြစ်နေတဲ့ ဇွန်သရဖီဆိုတဲ့ ကောင်မလေးရဲ့ အချစ်ကိုရဖို့ ကြိုးစားရင်း နှစ်ဖက်လူကြီးတွေကြားက ပြဿနာတွေကြောင့် လူငယ်တွေကြား အဆိပ်အတောက်တွေ ဖြစ်လာတဲ့အခါ သာချိုရဲ့ အချစ်ဟာ ပေးဆပ်ခြင်းအတွက်လား စွန့်လွှတ်ခြင်းအတွက်လား။ ဇွန်သရဖီရဲ့ နှလုံးသားကကော သာချိုအတွက် လမ်းဖွင့်ပေးမှာလားဆိုတာကို စိတ်ဝင်တစားကြည့်ရှုရမှာပဲဖြစ်ပါတယ်” ဟု သရုပ်ဆောင် ခွန်သာချိုက ပြောပြသည်။

အချစ်က မီးလိုပဲ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ခွန်သာချို၊ ခိုင်နီး၊ အေးမြတ်သူ၊ ခင်မို့မို့အေး၊ ဝါဝါအောင်၊ သံစဉ်မိုးထက်တို့အပြင် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး စက်တင်ဘာ ၉ ရက် မှ စတင်ကာ အပတ်စဉ် တနင်္လာနေ့မှသောကြာနေ့ထိ နေ့စဉ် ည ၈ နာရီတိုင်း Fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ASH**

# The Glass Mind ဇာတ်ကားတွင် ဆာရာတွမ်ကိုနှင့်တယ်ရီဖာရဲတို့ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၄**

The Glass Mind အမည်ရှိ စိတ္တဇ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်တွင် မင်းသမီး ဆာရာတွမ်ကိုနှင့် တယ်ရီဖာရဲတို့ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၃ ရက် သတင်းများအရ သိရသည်။

The Glass Mind ဇာတ်ကားသည် နတ်ဆိုးမိစ္ဆာနှင့် အပေးအယူလုပ်ခဲ့သည့် စိတ်ပညာရှင် အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Glass Mind ဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ အက်စ်ဂျေခရီးရက်ဖိုက တာဝန်ယူရိုက်ကူး သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို နယူးယောက်ပြည်နယ်၌ ယခုနှစ် ဆောင်းဦးရာသီတွင် စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

The Glass Mind ဇာတ်ကားကို Dreamality Entertainment ရုပ်ရှင်ကုမ္ပဏီက တာဝန်ယူထုတ်လုပ်၍ ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Glass Mind ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် ခန့်စည်သူက ငွေကျပ် သုံးသိန်း လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၄**

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် ခန့်စည်သူက အလှူငွေကျပ် သုံးသိန်းကို စက်တင်ဘာ ၃ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ လာရောက် လှူဒါန်းနေကြောင်း သိရသည်။



“ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ မကြာခင် ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက ပါဝင်လှူဒါန်းနေကြတာတွေ ရှိပါတယ်။ ရုပ်ရှင်အနုပညာရှင်တွေနဲ့အတူ စေတနာရှင်တွေ၊ ရုပ်ရှင်ချစ်သူတွေကလဲ လာရောက် လှူဒါန်းလျက်ရှိပါတယ်။ အခုဆိုရင် မြန်မာတိုင်းရင်းဆေးဝါးတွေ၊ စားသောက်ကုန်တွေလဲ လက်ခံရရှိထားပြီဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည့် ၁၀၃ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၆ ကြိမ်မြောက် ရုပ်ရှင်သက်ကြီး ပူဇော်ပွဲတွင် သက်ကြီးရုပ်ရှင်အနုပညာရှင် ဦးရေ ၁၄၀ အား ငွေသားအပါအဝင် စားသောက်ကုန်ပစ္စည်းများဖြင့် ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။ **ASH**

# A Bleed Apart ဇာတ်ကား၌ မင်းသမီး ဟေဒန်ပါနက်တီရာ သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၄**

A Bleed Apart အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ မင်းသမီး ဟေဒန်ပါနက်တီရာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၃ ရက်သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဟေဒန်ပါနက်တီရာသည် မင်းသား ဂျိုယေးဘရက်၊ ထရွိုင်ဂျင်းတဲ၊ မင်းသမီး ရိုင်လီဒေါင်းတို့နှင့် သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် A Bleed Apart ဇာတ်ကား၌ မင်းသမီး ဟေဒန်ပါနက်တီရာ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

A Bleed Apart ဇာတ်ကားသည် The Bleed (2006) ရုပ်ရှင်ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားသစ် ဖြစ်ကြောင်း သိရသည်။

The Bleed ကဲ့သို့ပင် A Bleed Apart ဇာတ်ကားသည် မျိုးဗီဇပြောင်းလဲနေသော ခွေးများ အန္တရာယ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

A Bleed Apart ဇာတ်ကားကို ဒါရိုက်တာ ဂရက်ဖ့ာနှင့်နေသန်ဖ့ာတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ရုံတင်ပြသဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# အရက်စက်ဆုံးအနမ်း ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၄**

Weflex Production က ရိုက်ကူးထုတ်လုပ်သည့် အရက်စက်ဆုံးအနမ်း ရုပ်ရှင်ဇာတ်ကား Premiere Show ကို စက်တင်ဘာ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် အေးချမ်းမောင်က ပြောပြ၍ သိရသည်။

အရက်စက်ဆုံးအနမ်း ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ လွှန်းထားထား၏ ဝတ္ထုဇာတ်လမ်းကို အင်ကြင်းဟန်က ဇာတ်ညွှန်းခွဲထားပြီး ဒါရိုက်တာ မီးပွားက အနုပညာအကြံပေးအဖြစ် ဆောင်ရွက်ထားကာ ဒါရိုက်တာ စိုးမိုးမင်းက Weflex Production အတွက် ရိုက်ကူးထားခြင်းဖြစ်သည်။

“ကျွန်တော်က ဒီဇာတ်ကားမှာ ဇောင်းဆိုတဲ့ဆရာဝန်ခပ်အေးအေးကာရိုက်တာနဲ့ ပါဝင်ထားတာပါ။ ပရိသတ်တွေ ဇာတ်ကားကြော်ငြာလေးကိုကြည့်ပြီး သဘောကျကြတဲ့အတွက် ပီတိဖြစ်ရပါတယ်။ အရက်စက်ဆုံးအနမ်းမှာ လူငယ်ဆိုတော့ ကောင်းမယ်လို့ထင်လို့ လုပ်ခဲ့မိတဲ့အရာက မထင်မှတ်ထားတဲ့ အမှားလေး ဖြစ်သွားကြတယ်။ ဒီဇာတ်ကားကို ရုံမှာလာကြည့်ရင်ပိုပြီး အကြိုက်တွေ့စေမှာ ဖြစ်ပါတယ်”ဟု သရုပ်ဆောင် အေးချမ်းမောင်က ပြောပြသည်။

အရက်စက်ဆုံးအနမ်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် တိုင်ရှွန်၊ အေးချမ်းမောင်၊ မင်းဦး၊ ဇက်ဂိုဟန်၊ မေမြင့်မိုရ်၊ မယ်လိုဒီ၊ မေသန်းနုနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ **ASH**

# မြန်မာ့အနာဂတ်အတွက် ရွှေလက်ပိုင်ရှင်များ (၂)

**လင်းလက်**

**သူတို့တွေရဲ့လှည့်ကွက်**

နိုင်ငံတိုင်းက မိမိနိုင်ငံကိုကာကွယ်နိုင်ရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်နေကြရာတွင် "စီးပွားရေးအင်အားနှင့်စစ်ရေးအင်အား"တောင့်တင်းခိုင်မာပြီးဖြစ်သည့် နိုင်ငံများက ကမ္ဘာ့ပထဝီအနေထားအားသာချက်များကို ရှာဖွေကာ ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်၍ မဟာအင်အားကြီးနိုင်ငံဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည်။ "ပညာရေးအဆင့်အတန်းမြင့်မားခြင်း၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကောင်းမွန်ခြင်း၊ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းအားများရှိခြင်း၊ စီးပွားရေးထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ခြင်း၊ ကမ္ဘာ့ကုန်သွယ်မှုအချိုးတွင် ပါဝင်မှုများခြင်း၊ စစ်ရေးစွမ်းအားတောင့်တင်းခိုင်မာခြင်း၊ ကမ္ဘာ့ငွေကြေးဈေးကွက်တွင် လွှမ်းမိုးနိုင်မှုရှိခြင်း၊ အရန်ငွေကြေးတောင့်တင်းမှုရှိခြင်း" စသည့် ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်နိုင်မည့် စွမ်းအားများကိုသူ့ထက်ငါ အလုအယက်ဖြည့်တင်းလာကြသည်။ ကိုယ်တိုင်စစ်ရေးအင်အားတောင့်တင်းခိုင်မာအောင် တည်ဆောက်နေသကဲ့သို့ ဒေသတွင်းပထဝီအနေအထားအရအချက်အချာကျသည့် နိုင်ငံငယ်များက စီးပွားရေးနှင့် စစ်ရေးအင်အား တောင့်တင်းခိုင်မာလာပြီးအင်အားကြီးနိုင်ငံဖြစ်လာမည့် အရေးကိုလည်းကြိုတင်မြော်တွေးကာ စီးပွားရေးပိတ်ဆို့ခြင်း၊ ပြည်တွင်းပဋိပက္ခများ ဖန်တီးပေးခြင်းစသည့် ယုတ်မာရိုင်းစိုင်းသော အပြုအမူများဖြင့် ဆောင်ရွက်လာကြသည်။

ပထဝီအနေအထား အချက်အချာကျမှုသည် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ဇာတ်ညွှန်းဆရာအဖြစ်နှင့် နိုင်ငံငယ်များကို လိုသလိုဇာတ်လမ်းဆင်ပုံဖော်ကပြစေနိုင်ခွင့်ရှိသည့်အတွက် လက်ရှိတွင် ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်ရေး အပြိုင်အဆိုင်ကြိုးပမ်းနေကြသည့် နိုင်ငံများကပထဝီအနေအထားအချက်အချာကျသည့် နိုင်ငံငယ်များကို စည်းရုံးသိမ်းသွင်းနိုင်ရေး ကြိုးစားနေကြသည်။ အင်အားကြီးနိုင်ငံများအကြား ပြိုင်ဆိုင်မှုပြင်းထန်နေသည့်အချိန်တွင် အမေရိကန်နိုင်ငံသည် စစ်ရေးအင်အားတောင့်တင်းခိုင်မာမှုကို ပြသရန်နှင့် ပြိုင်ဘက်ဖြစ်သည့် နိုင်ငံများကိုခြိမ်းခြောက်ထားနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံပေါင်း ၈၀ ခန့်တွင် စစ်အခြေစိုက်စခန်းပေါင်း ၈၀၀ ခန့်ကိုတည်ဆောက်ထားသည်ဟုသိရသည်။ တစ်ဖက်တွင်လည်းငင်းတို့လိုသလိုပုံသွင်း၍မရသည့် နိုင်ငံငယ်များကို ဒီမိုကရေစီကိုအကြောင်းပြ၍ အမျိုးမျိုးသောစွပ်စွဲမှုများပြုလုပ်ကာ စီးပွားရေးအရ ပိတ်ဆို့မှုများကိုလည်း ဆောင်ရွက်နေသည်။ ကမ္ဘာ့ပထဝီနိုင်ငံရေးကစားပွဲတွင် အမြတ်ထုတ်ကာ မဟာအင်အားကြီးနိုင်ငံဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်းတွေ့ရသည်။

**ကမ္ဘာကြီး၏ အသည်းနှလုံးနိုင်ငံ**

၂၁ ရာစုနှောင်းပိုင်းကာလများတွင် ကမ္ဘာကြီးကို ကြိုးကိုင်ခြယ်လှယ်နိုင်မှုစွမ်းအားသည် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့အပါအဝင် ပထဝီနိုင်ငံရေးအရအချက်အချာကျသည့် အာရှဒေသသို့ ရွှေ့လျားလာနေပြီဟုပညာရှင်များက သုံးသပ်ကြသည်။ "ရုရှား၊ တရုတ်၊ အိန္ဒိယ" စသည့် စီးပွားရေးနှင့် စစ်ရေးအင်အားတောင့်တင်းခိုင်မာပြီးဖြစ်သည့် နိုင်ငံကြီးများက ကမ္ဘာကြီးကို လွှမ်းမိုးနိုင်ရန် အခွင့်အလမ်းများရရှိလာနေပြီဖြစ်သည်။ အာရှဒေသတွင် မြန်မာနိုင်ငံသည် စီးပွားရေးအရ ကျောက်ဖြူ၊ ထားဝယ်၊ သီလဝါစသည့် ရေနက်ဆိပ်ကမ်းများနှင့် အထူးစီးပွားရေးဇုန်များတည်ဆောက်ကာ အာရှဈေးကွက်ကိုချုပ်ကိုင်နိုင်မည့် အနေအထားရှိနေသည်။ ကမ္ဘာကြီး၏ အသည်းနှလုံးဟုပင်တင်စားနိုင်ပြီး အာရှဒေသတစ်ခုလုံးကိုစွဲကိုင်လှုပ်နိုင်မည့် ပထဝီအနေအထားရှိနေသည့် မြန်မာနိုင်ငံကိုအင်အားကြီးနိုင်ငံများက မျက်စိကျနေကြသည်။

မြန်မာနိုင်ငံသည် "အာရှဒေသ၏ ဗဟိုချက်မနိုင်ငံ၊ အရှေ့တောင်အာရှနှင့် တောင်အာရှကို ဆက်သွယ်ထားသည့်နိုင်ငံ၊ ပင်လယ်ထွက်ပေါက်များရှိနေသည့်နိုင်ငံ၊ ကမ္ဘာ့စီးပွားရေးတွင် ရှေ့ပြေးဖြစ်လာနေပြီဖြစ်သည့်နိုင်ငံ၊ ရေနက်ဆိပ်ကမ်းများနှင့် စီးပွားရေးဇုန်များတည်ဆောက်နိုင်သည့်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အကောင်အထည်ဖော်နေသည့် Bet and Road Initiative (BRI)စကြံလမ်းကြောင်းများအတွက် မပါမဖြစ်နိုင်ငံတစ်နိုင်ငံ" စသည်ဖြင့် အာရှဒေသစီးပွားရေး၏ ပင်မထောက်တိုင်တစ်ခုဖြစ်နေသည်။ ၁၉၆၇ ခုနှစ်၊ ဩဂုတ် ၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်းအာဆီယံနိုင်ငံများကိုလည်းစီးပွားရေးနှင့် စစ်ရေးအရထိန်းချုပ်ထားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

**အေးချမ်းစွာနေပါသည်သို့သော်**

ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ရန်စခြင်းမရှိသလို ၁၉၅၄ ခုနှစ်တွင် စတင်ဖြစ်ပေါ်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ (၅) ချက်ကို လိုက်နာဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် လွတ်လပ်၍တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပုဒ်မ (၄၂-က)တွင် "နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု"ဟူ၍လည်းကောင်း၊ ပုဒ်မ (၄၂-ခ)တွင် "နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု"ဟူ၍လည်းကောင်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံလုံခြုံရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာအပေါ်တွင်ထားရှိသည့် အေးချမ်းသည့် သဘောကိုတွေ့နိုင်သည်။

"တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်၊ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရန်နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်" ဆိုသည့် မူ (၅) ချက်ကို အစဉ်အမြဲလက်ကိုင်ထား၍ ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်တွင် အေးဆေးတည်ငြိမ်စွာရှိနေသည်။ သို့ရာတွင် ပထဝီအနေအထားအရ အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြားတွင်တည်ရှိနေသဖြင့် ကမ္ဘာ့နိုင်ငံရေးကစားကွက်အချို့ကမြန်မာနိုင်ငံ၏ ပြည်တွင်းရေးများကိုထိခိုက်လာနေသည်။ မိမိနိုင်ငံကို ကာကွယ်ရန်နှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားစုများ ဖြစ်လာစေရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းလိုက်သည့်အချိန်တွင် မိတ်ဆွေကောင်းပီသစွာဖြင့် တည်ရှိနေကြသည့် နိုင်ငံများရှိသကဲ့သို့ ဒေသတွင်းအင်အားကြီးနိုင်ငံဖြစ်လာမည်ကိုမလိုလားသည့် နိုင်ငံများက မသမာသည့် နည်းလမ်းများဖြင့် မြန်မာပြည်တွင်းရေးကို နှောင့်ယှက်လာကြသည်။

**အဘက်ဘက်ကထိုးနှက်ကြ**

ဒီမိုကရေစီဆိုသောခေါင်းစဉ်တပ်ကာ ဒီမိုကရေစီစံနှုန်းများနှင့် လုံးဝသွေဖည်နေသည့်လုပ်ရပ်များဖြင့် မြန်မာနိုင်ငံစစ်ရေးအင်အားတောင့်တင်းပြီး တိုးတက်လာမည့်အရေးကို ဖျက်လိုဖျက်ဆီးလုပ်နေကြသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သည့် ပညာရေးကဏ္ဍတွင် ဆရာ၊ ဆရာမများကိုခြိမ်းခြောက်ခြင်းအကျပ်ကိုင်ခြင်းတို့ဖြင့် မြေဖြူကိုင်ကာမြန်မာ့အနာဂတ်ကိုခြယ်မှုန်းပေးနေကြသည့် ရွှေရောင်လက်များကို ဖြတ်တောက်ပစ်ရန်သွေးထိုးကြသည်။ စာပေပညာလေ့လာလိုက်စားပြီး အရွယ်ရောက်သည့်အခါ နိုင်ငံတော်အတွက် ခွန်အားများဖြစ်လာမည့် တက္ကသိုလ်ကျောင်းသားများကို တက္ကသိုလ်ရင်ခွင်များမှဆွဲထုတ်ကာ ၎င်းတို့ကြိုးဆွဲရာကသည့် ရုပ်သေးရုပ်များဖြစ်လာစေရန် ကြိုးပမ်းကြသည်။

"လွတ်လပ်ရေးကြိုးပမ်းခဲ့သည့်ကာလ၊ လွတ်လပ်ရေးရယူခဲ့သည့်ကာလ၊ လွတ်လပ်ရေးရပြီးစကာလ၊ နိုင်ငံတော်ပြန်လည်တည်ဆောက်သည့်ကာလ" တို့တွင် တာဝန်ကျေပွန်ခဲ့သည့် တပ်မတော်နှင့် ပြည်သူကြားက ခိုင်မာနေသည့်တွဲလက်များကို ရိုက်ချိုးပစ်ရန်ကြိုးစားကြသည်။ လွတ်လပ်ရေးရပြီးစ "ရန်ကုန်အစိုးရ"ဟုမနာလိုသူများက သမုတ်ကြသည့် အချိန်တွင်လည်း သောင်းကျန်းသူများကို အမြစ်ပြတ်ချေမှုန်းကာ နိုင်ငံတော်ကိုပြိုကွဲမသွားအောင် ကာကွယ်ပေးခဲ့သည့်တပ်မတော်နှင့် ပြည်သူကြား သွေးကွဲသွားသည့်အခါ နိုင်ငံတော်ကိုကြက်ကလေး ငှက်ကလေးဖမ်းသလိုဖမ်းဆုပ်ရယူကာ လိုရာပုံသွင်းလိုသည့် နိုင်ငံများက သွေးထိုးသပ်လျှိုအမုန်းစကားများဖြန့်ဝေနေကြသည်။ ပထဝီအနေအထားအရ သဘာဝသယံဇာတများပေါကြွယ်ဝပြီး စီးပွားရေးအခွင့်အလမ်းများသူမတူပေါကြွယ်ဝလှသည့် နိုင်ငံဖြစ်သဖြင့် အကြောင်းအမျိုးမျိုးပြကာစီးပွားရေးပိတ်ဆို့မှုများကိုပြုလုပ်ကြသည်။ အရှေ့တောင်အာရှနှင့် အာရှဒေသတစ်ခုလုံးအတွက် စပါးကျီဖြစ်နေသည်ကိုသိသည့် နိုင်ငံအချို့ကရိုးသားသည့် မြန်မာတိုင်းရင်းသားများကို သွေးထိုးမြှောက်ပင့်ကာ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ဖောက်ကားသူများဖြစ်လာစေရန် စည်းရုံးသိမ်းသွင်းကြသည်။ မျိုးဆက်သစ်လူငယ်များနှင့် တိုင်းရင်းသားလူငယ်များကို မူးယစ်ဆေး၏သားကောင်များဖြစ်လာစေရန် သွေးထိုးပေးကာတပ်မတော်၏ ရင်ခွင်ကိုစုံကန်သူများဖြစ်အောင် လုပ်ဆောင်နေကြသည်။

**ဘုရင့်နောင်စိတ်ဓာတ်ရှိကြသည်**

မြန်မာရာဇဝင်တွင် ဘုရင့်နောင်ခေါ် ကျော်ထင်နော်ရထာသည် လက်ရုံးရည်နှလုံးရည် ပြည့်ဝသူတစ်ဦးဖြစ်သည်။ နောင်ရိုးချောင်း၏ တစ်ဖက်ကမ်းမှ မိမိတို့ထက်အင်အားများစွာကြီးသည့် ဟံသာဝတီတပ်ကြီးကိုတိုက်ခိုက်ရန်အတွက် နောင်ရိုးချောင်းကို ဖြတ်ကာစစ်သည်များ စိတ်နှစ်ခွဖြစ်မည်ဆိုး၍ ဖောင်များကိုဖျက်ကာ ကိုယ်တိုင်ဦးဆောင်၍ တိုက်ပွဲဝင်ပြီးအောင်ပွဲဆင်ခဲ့သည်။ တပင်ရွှေထီးကသူ့ကို စောင့်ကာတိုက်ပါရန် မှာကြားခဲ့သော်လည်းအချိန်လင့်နေမည်ကိုမလိုလား၍ မိမိတွင်ရှိသည့် အင်အားဖြင့် အနိုင်ရအောင်တိုက်ခဲ့သည်။ လက်ရှိကာလ မြန်မာနိုင်ငံတွင် အဘက်ဘက်ကထိုးနှက်တိုက်ခိုက်မှုများ ကြုံတွေ့နေရချိန်၌ ဘုရင့်နောင်သွေးပါလာကြသည့် မျိုးဆက်သစ်လူငယ်များက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်ပညာသင်ကြားကာနိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွား ကာကွယ်ရန်အတွက် ကိုယ်တိုင်စာရင်းပေးကာ ပြည်သူ့စစ်မှုထမ်းသင်တန်းသို့ ပါဝင်တက်ရောက်ကြသည်။

အာရှဒေသ၏ ဗဟိုချက်ဖြစ်နေသည့် မြန်မာနိုင်ငံကို ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသလို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားအောင် ကြံဆောင်နေကြသူများမည်မျှပင်ရှိစေကာမူ နိုင်ငံတော်ကိုကာကွယ်မည့် မျိုးဆက်သစ်လူငယ်များသည်ကား ပြည်သူ့စစ်မှုထမ်းသင်တန်းကိုတက်ရောက်လျက်ရှိပြီး အချို့သင်တန်းသားများက သင်တန်းဆင်းပြီဖြစ်သည်။ ဘုရင့်နောင်စိတ်ဓာတ်ရှိထားပြီးဖြစ်သည့် မျိုးဆက်သစ်လူငယ်များ၏ စိတ်ဓာတ်ခံယူချက်နှင့်လုပ်ရပ်တို့သည် ကမ္ဘာ့နိုင်ငံများကိုပြန်လည် ခြိမ်းခြောက်ကာ မြန်မာ့သွေးကို ကမ္ဘာကသိအောင် ချပြနိုင်ခြင်းပင်ဖြစ်သည်။

"ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"ဆိုသည့် မြင့်မြတ်သူတို့ ပေါင်းစည်းနေထိုင်ရာ တပ်မတော်နှင့် အမျိုးသားရေးစိတ်ဓာတ်များ အစဉ်နိုးကြားနေသည့် မျိုးဆက်သစ်လူငယ်တော်ဝင်ပန်းကလေးများကလက်ချင်းချိတ် နှလုံးသားချင်းမိတ်ဖွဲ့ကာ နေကြသည်ကိုတွေ့မြင်လိုက်ရသည့်အချိန်တွင် မျိုးဆက်သစ်လူငယ်များ၏ လက်တွင်မြန်မာ့အနာဂတ် တိုးတက်လာမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဟု ယုံကြည်လိုက်ရပါတော့သည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

❖အာရှဒေသ၏ ဗဟိုချက်ဖြစ်နေသည့် မြန်မာနိုင်ငံကို ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသလို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားအောင် ကြံဆောင်နေကြသူများ မည်မျှပင်ရှိစေကာမူ နိုင်ငံတော်ကိုကာကွယ်မည့် မျိုးဆက်သစ်လူငယ်များသည်ကား ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်လျက်ရှိပြီး အချို့သင်တန်းသားများက သင်တန်းဆင်းပြီဖြစ်သည်။ ဘုရင့်နောင်စိတ်ဓာတ်ရှိထားပြီးဖြစ်သည့် မျိုးဆက်သစ်လူငယ်များ၏ စိတ်ဓာတ်ခံယူချက်နှင့်လုပ်ရပ်တို့သည် ကမ္ဘာ့နိုင်ငံများကိုပြန်လည်ခြိမ်းခြောက်ကာ မြန်မာ့သွေးကို ကမ္ဘာကသိအောင် ချပြနိုင်ခြင်းပင်ဖြစ်သည်။ ❖

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၄၂၆ ဧက စိုက်ပျိုးပြီးစီး



**ရွှေဘို စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၉၆၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၄၂၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲစင်းငုံဧက ၆၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲစင်းငုံစိုက်တောင်သူများကို ရွက်ဖျန်းဓာတ်မြေဩဇာဝယ်ယူမှု လျှော့ချနိုင်စေရန် ယူရီးယားနှင့်လက်ချားဓာတ်မြေဩဇာ ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးထံမှ သိရသည်။

(၂၀၆)

# ကွမ်းခြံကုန်းမြို့နယ် မှော်ဘီကျေးရွာ၌ ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းစစ်ဆေး

**ကွမ်းခြံကုန်း စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှော်ဘီကျေးရွာအုပ်စု မှော်ဘီကျေးရွာ၌ ရေကန်ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများမှကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ ကွမ်းခြံကုန်း မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် တာဝန်ရှိသူများက မှော်ဘီကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၃၄၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဖိုးရွှေလကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အရှည်ပေ ၉၈၀၊ အမြင့်ငါးပေရှိ ရေကန်ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မေးမြန်းဆွေးနွေးပြီး ဦးစီးဌာနဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ စားသောက်ကုန်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ငရုတ်သီးစိမ်းပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငရုတ်သီးစိမ်းပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

''ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ညောင်တုန်းမြို့နယ်ကထွက်ရှိတဲ့ ငရုတ်သီးစိမ်းတွေက အရည်အသွေး ကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ မှာယူမှုလဲ များပါတယ်။ လက်ရှိ ငရုတ်သီးစိမ်းဈေးက ၁၀ ပိဿာကို ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိပါတယ်''ဟု ညောင်တုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှထွက်ရှိလာသော ငရုတ်သီးများသည်အရည်အသွေးကောင်းမွန်ကြောင်း၊ ထိုသို့ ငရုတ်သီးစိမ်းများ ပိုမိုတင်ပို့ရောင်းချရခြင်းကြောင့် လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့ကန်ဘောင်ကျေးရွာအုပ်စု အရှေ့ကန်ဘောင် ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာကြသူများကို အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့် ၊စီမံကိန်းလက်စွဲစာစောင်ပါ ဥပဒေ၊ နည်းဥပဒေနှင့် စည်မျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်း၊ အတိုးပေးဆပ်ရမည့်ကာလများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အရှေ့ကန်ဘောင်ကျေးရွာတွင် ဧကဒသမအကြိမ်ထုတ်ချေးမည့် ရန်ပုံငွေကျပ် ၅၁ ဒသမ ၁ သန်းကို မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် အရှေ့ကန်ဘောင်ကျေးရွာ မြစိမ်းရောင်လုပ်ငန်းအဖွဲ့က မြို့နယ်မှ တာဝန်ရှိသူများ၏ကြီးကြပ်မှုနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ဦးရေ ၂၁၀ကို ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၁ သန်းထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သန်းသန်းစိုး**

# ပျဉ်းမနားမြို့နယ် ကျောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျဉ်းမနား စက်တင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူးတို့ဆိပ်ကျေးရွာအုပ်စု ကျောက်ကုန်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကျောက်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျောက်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသားအသင်းသူ ၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။

**မောင်ခိုင်**



# ကျုံပျော်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၉၆၅၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျုံပျော် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၉၆၅၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျုံပျော်ခရိုင်တွင် ပီလောပီနံ ၂၀၀၁၅ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပီလောပီနံ ၁၉၆၅၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပီလောပီနံများ လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စိုက်ပျိုးရေးဦးစီးဌာနက ပီလောပီနံအပါအဝင် မိုးသီးနှံတွေ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ သီးနှံတွေအားလုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကိုအချိုးကျ အသုံးပြုတတ်စေဖို့၊ ပိုးမွှားရောဂါ မကျရောက်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတွေက နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာ ပီလောပီနံကို ကေ ၂၀၀၀၀ ကျော်ထိ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိပီလောပီနံ ကေ ၁၉၆၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်ခရိုင်တွင် ဒေသခံ တောင်သူများ စိုက်ပျိုးသည့် ပီလောပီနံပင် အမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှသုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော် ရောင်းချနိုင်ကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချကြပြီး ပီလောပီနံပိဿာချိန် ၁၀ လျှင် ငွေကျပ် ၂၈၀၀၀ ထိ ဈေးရရှိခဲ့ပြီး ဒေသခံတောင်သူများ အဆင်ပြေခဲ့ကြောင်း ကျုံပျော်ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကျော်ကျော်လင်း

# မြိတ်မြို့နယ် ပရည်တောင်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

မြိတ် စက်တင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပရည်တောင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးတို့က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက အခြေခံစက်ချုပ်သင်တန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေပေးနိုင်သည်ထိ ကြိုးစားသင်ယူစေလိုကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးမည့် ဒီဇိုင်းဘာသာရပ်များ၊ သင်တန်းလွန်ကာလ အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ရင်းနှီးမတည်ငွေများ ရရှိရေးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမက သင်တန်းစည်းမျဉ်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။



မြိတ်မြို့နယ် သဘွတ်ကျေးရွာအုပ်စု ပရည်တောင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းသို့ ပရည်တောင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း၊ အခြေခံစက်ချုပ်သင်တန်းနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးတို့က သင်ထောက်ကူပစ္စည်းအပြည့်အစုံဖြင့် စက်တင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ စာတွေ့လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုညို

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၉၂၀၀ စိုက်ပျိုးမည်

ယင်းမာပင် စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၉၂၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၀၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၄၇၀၊ ကနီမြို့နယ်တွင် ၃၅၂၅ ဧကနှင့်ပုလဲမြို့နယ်တွင် ဧက ၂၁၀၀ စုစုပေါင်း ဧက ၉၂၀၀ တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်တွင် ကြက်သွန်နီဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်နီတွေ အရည်အသွေးကောင်းမွန်ဖို့ဆောင်ရွက်ပေးနေပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက် တောင်သူများ အဆင်ပြေစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်စိုက်တောင်သူများ အနေဖြင့် ကြက်သွန်နီတစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် ၁၈ သိန်းဝန်းကျင်ခန့် ကုန်ကျပြီး တစ်ဧကအထွက်နှုန်းမှာ ပိဿာချိန် ၅၀၀၀ ကျော်ထွက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီ အများဆုံးစိုက်ပျိုးကြသည့်မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)






# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၄-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၂၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ရာဟုလာအမွေတောင်းခန်း

**ကိုဇော်ဒွေး(ယဉ်ကျေးမှု)**

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ၊ မြန်မာစာပေ၏ အနှစ်သာရ၊ ရိုးရာယဉ်ကျေးမှု အဆိုအကပညာရပ်များကို ဇာတ်သဘင်နှင့်ရုပ်စုံသဘင်များတွင် ရှာဖွေတွေ့နိုင်သည်။ နှံ့စပ်သိမြင်၍ ရှာဖွေထိုးဖောက်ကောက်ယူရရှိထားသောစာပေ၏ အနှစ်သာရကို နှုတ်ဟမြွက်ပြ သရုပ်ဆောင်ပြရင်း ပွဲကြည့်သူ၏ ရင်တွင်းသို့ အသိ၊ အမြင်တစ်ခုတွန်းပို့ကိန်းအောင်းစေနိုင်သည်။ ပြည်သူတို့နှင့် အနီးကပ်ဆုံးသောနေရာတွင်နေထိုင်၍ ပြည်သူတို့၏အတွေးအခေါ်အယူအဆကို ပြောင်းလဲပစ်နိုင်သည်ထိ ဇာတ်သဘင်၏ အတတ်ပညာရပ်က ထိရောက်လှသည်။ ထိုပညာတို့ထဲတွင် ဗုဒ္ဓဝင်ဇာတ်လမ်းများ၏ ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်းများနှင့် အဆို၊ အငို၊ အလွမ်းတို့လည်းပါဝင်သည်။ ဇာတ်သဘင်ဆိုသည်မှာ ဝတ္ထု၊ ပုံပြင်၊ ရာဇဝင်နိပါတ် စသည့်တင်ပြလိုသည်များကို အတီး၊ အမှုတ်များတွဲဖက်ပြီး ဟန်အမူအရာတို့ဖြင့် သရုပ်ဖော်သောပွဲဖြစ်သည်။ ထိုပွဲတို့တွင်ဗုဒ္ဓဝင်လည်းကသည်။ ဗုဒ္ဓဝင်ဇာတ်လမ်းများကို မြန်မာ့ဇာတ်သဘင်တွင် တင်ဆက်ကြရာ၌ ဝဏ္ဏကျော်ထင်စိန်အောင်မင်း ကပြတင်ဆက်ခဲ့သည့် 'ရာဟုလာအမွေတောင်းခန်း'သည်လည်း ထင်ရှားသောဗုဒ္ဓဝင်လာဇာတ်လမ်းတစ်ခုအဖြစ်တင်ကျန်ရစ်ခဲ့သည်။

ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ သားတော်သိဒ္ဓတ္ထကုမာရနှင့်ဒေဝဒဟပြည့်ရှင်ဘုရင်သုပ္ပဗုဒ္ဓ၏ သမီးတော်ဘဒ္ဒကစ္စနာတို့စုံဖက်တော်မူခဲ့ပြီး သားတော်ရာဟုလာကိုဖွားမြင်လေသည်။ သားတော်ဖွားမြင်ပြီဟူသော သတင်းစကားကိုကြားလျှင် အလောင်းတော်သိဒ္ဓတ္ထ၏ "ရာဟုအသူရိန်ကား ဖွားမြင်ခဲ့လေပြီ။ အနှောင်အဖွဲ့ကြီးကားဖြစ်ခဲ့လေပြီ"ဟူသောမြည်တမ်းစကားကြောင့်သုဒ္ဓေါဒနမင်းကြီးက မြေးတော်လေးကို "ရာဟုလာ"ဟုအမည်ပေးလိုက်သည်။ ထိုနေ့ကား သက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့်နေ့ဖြစ်သည်။ အလောင်းတော်သည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကိုလည်းမြင်ခဲ့ပြီးချိန်ဖြစ်သည်။ ထိုမှအလောင်းတော်သည် တောထွက်ခဲ့သည်။ ဘုရားဖြစ်ခဲ့သည်။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးလျက် အင်္ဂတိုင်းနှင့် မဂဓတိုင်းမှ ဒါယကာ၊ ဒါယိကာမများကို တရားရေအေး တိုက်ကျွေးလျက်ရှိသည်။ ထိုသတင်းကို ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ကြားသိသောအခါ သား ဘုရားကို ဖူးတွေ့ချင်သဖြင့် အမတ်တစ်ယောက်ကို အခြွေအရံတစ်ထောင်နှင့်အတူ စေလွှတ်၍ ပင့်ဆောင်ခိုင်းလေသည်။ ထိုအမတ်သည် ဗုဒ္ဓထံရောက်သောအခါ ဗုဒ္ဓဟောကြားသည့်တရားကိုနာပြီး အခြွေအရံတို့နှင့်အတူ ရဟန်းပြုသွားလေသည်။ ဤနည်းဖြင့် အမတ်တို့ကို ကိုးကြိမ်တိုင်အောင် စေလွှတ်သော်လည်း အားလုံးရဟန်းပြုသွားကြသည်။ ၁၀ ကြိမ်မြောက်တွင် ဗုဒ္ဓဘုရားရှင်နှင့် ဖွားဖက်တော်ဖြစ်သည့် ကာဠုဒါယီအမတ်ကို စေလွှတ်ပြန်သည်။ ကာဠုဒါယီအမတ်သည် ရှေးယခင်နယ် ရဟန်းပြုခဲ့သော်လည်း ဘုရားရှင်ကို ကပိလဝတ်ပြည်သို့ ကြွချီတော်မူနိုင်အောင်စွမ်းဆောင်နိုင်ခဲ့သည်။ ကပိလဝတ်ပြည်သို့ အရောက်တွင် ခမည်းတော်၊ ကြင်ရာတော်တို့ကို တရားရေအေးတိုက်ကျွေးလေသည်။ "မွေသဖခင် ကျေးဇူးရှင်၊ သားတော်ကလေးကို အမွေပေးသနားပါ။ မွေးသဖခင်၏ ပစ္စည်းဥစ္စာတို့ကား သားတို့သာရမြဲဓမ္မတာဖြစ်ပါသည်" ဟု အမွေတောင်းလာသော သားတော်ရာဟုလာကိုလည်း သာသနာအမွေပေးသနားလိုက်လေသည်။

ဇာတ်ဖြစ်စဉ်သည် ဤမျှသာဖြစ်သည်။ စာရေးသူသည် ရာဟုလာအမွေတောင်းခန်းကို စီဒီဖြင့်သာနားထောင်ဖူးသည်။ ကြိုက်နှစ်သက်သဖြင့် ကြိမ်ဖန်များစွာနားထောင်ဖြစ်သည်။ တစ်ဖန် ဗဟိုအဆင့်ဆိုကရေးတီးပြိုင်ပွဲကြီး၌ ဘဘဦးစိန်အောင်မင်း၏ ဆွေးနွေးစကားများကိုနားထောင်ရင်း ရာဟုလာအမွေတောင်းခန်းလာခမည်းတော်သုဒ္ဓေါဒနမင်းကြီး



၏ ရုပ်ပုံလွှာကိုပါပူးကပ်မြင်ယောင်မိခဲ့သည်။ ဘဘဦးစိန်အောင်မင်း၏သမက် အလင်္ကာကျော်စွာဦးအောင်တင်ဝင်းနှင့် ခင်မင်ရင်းနှီးသည့်အလျောက် ထိုဇာတ်တော်ဇာတ်လမ်းအတွက် ဘဘ၏ကြိုးပမ်းချက်များကိုလည်း လေးစားလာမိသည်။

"ဇာတ်ရှေ့ပိုင်းက တောထွက်ခန်းပဲ၊ နောက်ပိုင်းရောက်လာမှ ရာဟုလာအမွေတောင်းခန်းဖြစ်လာတာ။ အဲဒီမှာ အဖေရွှတ်တဲ့ ရဇ္ဇေနအဘိသိဉ္စေမိ၊ ရာဟုလံသကျနန္ဒနံဆိုတဲ့ပါဠိစာသားတွေ၊ စီစီစိန်ငိုချင်းချတဲ့ ဒဟံတံဆိုတဲ့ပါဠိစာသားတွေကို ကျောက်သင်ပုန်းကြီးပေါ်မှာ အဖေမြင်သာအောင်စာလုံးအကြီးကြီးတွေရေးပေးထားရတယ်။ အဖေက ပါဠိတွေကိုရွတ်ပြီး အသံထည့်သွားတာ။ စီစီစိန်ကိုလဲ ဒီလိုပဲသူကိုယ်တိုင်နှုတ်တိုက်ချအသံပါပြပေး၊ ထည့်ပေးသွားတာ၊ ဆိုင်းအတီးကိုလဲ ပတ်လုံးတစ်လုံးချင်းအသံကစ သေချာဇာတ်တိုက်ခဲ့တာ"ဟုအစ်ကိုကြီးဦးအောင်တင်ဝင်းက ရှင်းပြသည်။ အဆိုပါဇာတ်တော်ဇာတ်လမ်းကို ပုံနှိပ်ဖြန့်ချိခဲ့သည်ဟုလည်း ပြောပြသည်။ ပုံနှိပ်စာအုပ်ကိုစာရေးသူ မမြင်ဖူး၊ မဖတ်ဖူးခဲ့ပါချေ။

"ယသော်ဓရာက ဘုရားကို ဦးတိုက်ကန်တော့ပြီး ငိုကြွေးတယ်။ ဘုရားကိုဘယ်လိုပြလဲ" ဟူသည့် စာရေးသူ၏အမေးကိုဦးအောင်တင်ဝင်းက ဘုရားပုံကို ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူပေးလိုက်တာ၊ အဲဒီမှာငိုပေ့ါ"ဟုပြန်ဖြေသည်။ ပေ့ါပေ့ါပါးပါးပင်ဖြစ်သည်။ စာရေးသူက အကြီးကြီးတွေးမိသည်။ ဘုရားရှိခိုးမေတ္တာပို့ပြီးသည်နှင့် "ရဇ္ဇေနအဘိသိဉ္စေမိ၊ ရာဟုလံ သကျနန္ဒနံ၊ စိန္တတောတံ၊ ပဗ္ဗာဇေတိ၊ သောကဒဏ္ဍောမိဟန္တဟိ" ဟူသည့် အဖွင့်ဂါထာကိုရွတ်သည်။ အနက်ဖွင့်ပြသည်။ "ယနေ့ သက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့်နေ့တွင် ဗိမ္ဗာရွှေလှော် မယ်ယသော်က သိဒ္ဓတ်ရင်သွေးသားတော်ကလေး မွေးဖွားသန့်စင်သဖြင့် သာကီနွယ်မျိုးတစ်ယောက်တိုး၍ ကပိလပြည်လုံးရွှင်ပြုံး အားရပျော်မြူးကြစဉ်" ဟူ၍ ဇာတ်ကို စတင်ခင်းကျင်းလိုက်သည်။ ပထမပိုင်းသည် တောထွက်ရာမှဘုရားဖြစ်ခန်းထိဖြစ်သည်။

"အမြန်ဖြေရှင်းပေး၊ အမျိုးသမီးများရဲ့ဒုက္ခကို အဖေတစ်နည်း၊ အမေတစ်နည်းအမြန်ဖြေရှင်းပေး၊ ယောကျ်ားမှန်သမျှ သာသနာ့ဘောင်ကိုဝင်ကာ မနေး၊ အားကိုးအားထားပေမဲ့ မင်းမဲ့ဒီအရေး၊ အမျိုးသမီးများရဲ့ဒုက္ခကို အဖေတစ်နည်း၊ အမေတစ်နည်းအမြန်ဖြေရှင်းပေး" ဟူသည့် သီချင်းစာသားဖြင့် ပြကွက်ကိုသိမ်းလိုက်သည်။ ထိုပြဿနာသည် အမတ်တစ်ယောက်ကိုအခြွေအရံတစ်ထောင်နှင့်အတူ စေလွှတ်၍ ကိုးကြိမ်မြောက်တိုင်တိုင်၊ စေလွှတ်ခံရသူအားလုံး ရဟန်းပြုသွားကြသောကြောင့် ဖြစ်သည်။

မိထွေးတော်သည် ၁၀ ကြိမ်မြောက်အဖြစ်သားဘုရားထံဖွားဖက်တော်ဖြစ်သည့် ကာဠုဒါယီအမတ်ကို စေလွှတ်ရန်ပြင်ဆင်ခြင်းခန်းဖြင့် ဒုတိယပိုင်းကို ဖွင့်လှစ်လိုက်သည်။ သဘင်၏အနှစ်များကိုထိတွေ့လာရချိန်ပင်ဖြစ်တော့သည်။ ယသော်ဓရာမင်းသမီးက သားတော်ရာဟုလာကို ချော့သိပ်ခန်းတွင် အသုံးပြုထားသည့် သားချော့တေးသည် မြန်မာဇာတ်သဘင်၊ မြန်မာ့ရိုးရာအစဉ်အလာကို နှစ်သက်မြတ်နိုးသူများအတွက် အကြိုက်ဖြစ်ခဲ့ရသည်။ ဇာတ်ဝင်သားချော့တေးသည် မိခင်တစ်ယောက်က သားဖြစ်သူကို သိစေချင်သည့် စကားလုံးများပင်ဖြစ်သည်။ ဖခင်ဖြစ်သူ၊ ဘုရင့်သားတော်၏ ဖြစ်စဉ်ကို မိမိ၏သားတော် သိစေသည်။ ဘိုးတော်ဘုရင်မင်းမြတ်များ၏လက်ရှိဘဝ၊ စွမ်းရည်သတ္တိရှိပုံများကို နမူနာထားကာ မင်းသားငယ်ကို ဤကဲ့သို့စွမ်းရည်သတ္တိရှိကာ တန်ခိုးအာဏာထက်မြက်စေလိုသည့် စေတနာကို တွေ့ရသည်။ တစ်ဖန် "ဒဟန္တံ သတ္တဝသနိ၊ သောကဂ္ဂိ အသုဝါရိနာ။ ပါရပိဌေ နိဗ္ဗာပေသိ၊ ရောဒမနာ ယသောဓရာပါဘုရား....။

ယသော်ဓရာ၊ ဘဒ္ဒကစ္စနာ၊ ခေါ်ရာတစ်လီ၊ သာကီနွယ်တော်၊ ဘုရားတပည့်တော်မ မယ်ယသော်သည်၊ ပါရပိဌေ ...တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ၊ ကောင်းစွာပြည့်ဖြိုး၊ အသရေတိုးတဲ့...ဘုရားရှင် ခြေဖမိုးတော်ထက်၌၊ ရောဒမနာတပည့်တော်၏ နဖူးဆံပင်တို့ဖြင့်၊ ဦးတင်ပွတ်တိုက်၍ အသုဝါရိနာ... ယိုစီးသောမျက်ရည်စဖြင့်၊ သတ္တဝဿနိ၊ နေ့လရက်နှစ်၊ သက္ကရာဇ်တို့ကို၊ တွက်စစ်စုရုံး၊ ခုနစ်နှစ်တိုင်တိုင် ကာလပတ်လုံး၊ ဒဟန္တံ သာကီနွယ်မြောက် သားတစ်ယောက်ကို၊ ဖွားမြင်သန့်စင် မီးရှူးတော်မြင်စ... မကြင်သနား မောင်ဘုရားက၊ ရက်စက်စွာပစ်သွားလေခြင်းဟု၊ တပည့်တော် ငိုကြွေးရပါသဖြင့်၊ သောကဂ္ဂိ...သောကတည်းဟူသော ဤ လောင်မီးကြီးကို၊ နိဗ္ဗာပေသိ၊ ယနေ့ ယခုမှ ဖူးတွေ့ရပါသဖြင့်၊ လွမ်းစကိုပယ်၊ လွမ်းစွယ်ကိုရှဲ၊ လွမ်းကိန်းကိုဖျောက်၊ လွမ်းပေါက်ကိုဆီး၊ လွမ်းမီးကိုဆို့၊ လွမ်းစရာရှိသမျှ တစိကမ မကျန်၊ အကုန်ကျေနပ်သွားအောင်၊ တပည့်တော်မ ခုနစ်နှစ်တိုင် ငိုကြွေးပူဆွေးခဲ့သမျှကို တစိလေးမျှမကျန် အကုန်ကျေနပ်သွားအောင်၊ လွမ်းစကိုရုပ်သိမ်းပြီးက...အရှင်ဘုရား...တပည့်တော်တို့ သားအမိက...တည်ငြိမ်စွာ...ကန်တော့လိုက်ရပါတော့သည်ဘုရား" ဟူသည့်မင်းသမီးစီစီစိန်၏ လှိုက်မောဖွယ်ရာငိုချင်းသည်လည်း ဇာတ်ကိုဆွဲတင်စေနိုင်သည်။

စီစီစိန်နည်းတူ မင်းသားကြီး ဦးစိန်အောင်မင်းကလည်း ဇာတ်အဖွင့်တွင်ရွတ်ထားခဲ့သော ပါဠိပတ်သားတို့ကို ငိုချင်းအသွင် အနုသွင်ဖြင့်ညည်းငိုငိုပြန်သည်။

မြန်မာ့ဇာတ်သဘင်၌ ကပြလျက်ရှိကြသည့် ယခုခေတ်အခေါ် နောက်ပိုင်းဇာတ်ထုပ်များသည် ငါးရာ့ငါးဆယ် နိပါတ်များ၊ ဗုဒ္ဓဝင်၊ မဟာဝင်များသာ အများဆုံးဖြစ်ကြ၍ ဇာတ်တော်များပါ ပါဠိစကားလုံးများကို အနုပညာဝမ်းစာဖြင့် ပေါင်းစပ်ကာ ပါဠိတစ်ချက်၊ အနက်တစ်သွယ် စွဲမက်ဖွယ်ဖြစ်အောင် ဂီတသံဖြင့်ရောယှက်ကာတင်ဆက်တတ်ကြသည်။

ရာဟုလာအမွေတောင်းခန်းသည် ဗုဒ္ဓဘဝ၊ ဗုဒ္ဓတရားတို့သိရုံသက်သက်သာမဟုတ်ကြောင်း တွေ့ရသည်။ ကသည့်ဇာတ်ကို အလှဖြင့်သာ အကဲဖြတ်ကြည့်ပါကလှသည်။ အလှပညာဟူသည် မည်သို့လှအောင်အနုပညာမှုကို ပြုကြသည်ဟူသောပညာဗေဒပင်ဖြစ်သည်။ လှပသောတင်ဆက်မှုကိုပြုနိုင်ခဲ့၍ လှနေခြင်းဖြစ်သည်။ အနုပညာဖန်တီးမှုအရည်အသွေးကို မည်သို့လှအောင် ဖန်တီးခဲ့သနည်းဟူသည့် အကြောင်းခြင်းရာကမူ ထိုးထွင်းခက်ခဲလှသည်။ ခက်ခဲမှု၏ခက်လက်အဖြာဖြာသည်လူမှုဆက်ဆံရေးအကြောင်းအရာကိုရောက်သည်။ လူမှုဆက်ဆံရေးကင်းမဲ့သွားပါက အနုပညာကိုတင်ဆက်ရာမရောက်ဖြစ်ရပြန်သည်။ ထို့ကြောင့်လူမှုဆက်ဆံရေးသည်အနုပညာဖြစ်ရပြန်သည်။ ရာဟုလာအမွေတောင်းခန်း ဗုဒ္ဓဝင်ဇာတ်လမ်းသည် လူမှုဆက်ဆံရေးကိုဖော်ပြခြယ်မှုန်းရာ၌ အနုပညာအရည်အချင်းနှင့်ပြည့်စုံခဲ့သည်။ ပရိသတ်က အလှကိုခံစားနိုင်သည်။ လှပသောတင်ဆက်မှုကိုပြုနိုင်ခဲ့သည်။ စိတ်အာဟာရကိုပြည့်စေခဲ့သည်။ စိတ်၌ ကပ်ငြိစွဲထင်ဘဝင်ထိသည်။ ထို့ကြောင့်ပင် တင်ကျန်ရစ်နေသောဗုဒ္ဓဝင်ဇာတ်လမ်းကောင်းတစ်ခုဖြစ်တည်နေနိုင်ခြင်းပင်ဖြစ်ပါသည်။

**ကိုးကား**


၁။ **ဝဏ္ဏကျော်ထင်စိန်အောင်မင်း၏ရာဟုလာအမွေတောင်းခန်း။**

၂။ **ပုံတော်စုံမူလမဟာဗုဒ္ဓဝင်(အရှင်ဓမ္မသာမီဘိဝံသ)။**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၇၁ ဦး ထိရှိလာ



**ဒါကာ စက်တင်ဘာ ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၇၁ ဦး ထိရှိလာကြောင်း ယနေ့သတင်းများအရသိရသည်။

မုတ်သုံမိုး အဆက်မပြတ်ရွာသွန်းခြင်းကြောင့် ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆိုးရွားစွာပျက်စီးစေခဲ့ပြီး ရေဘေးကြောင့် လူဦးရေ ငါးသန်းခန့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ ရေဘေးဒဏ်သင့်ခရိုင် ၁၁ ခုတွင်မိသားစုပေါင်းခြောက်သိန်းခန့်သည် အစားအစာ၊ ရေသန့်၊ ဆေးဝါးနှင့် အဝတ်အစားများ အရေးပေါ် လိုအပ်နေကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကြည်း၊ ရေ၊ လေတပ်မတော်သားများ၊ နယ်ခြားစောင့်တပ်များနှင့် ဆေးကုသရေးအဖွဲ့ဝင်ဦးရေ ၅၀၀ ခန့်ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရေကြီးရေလျှံမှုကြောင့် ဖြစ်တတ်သောရောဂါများ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ရန် အာရုံစိုက် ဆောင်ရွက်နေကြောင်း၊ ရေဘေးအန္တရာယ်များ၏ နောက်ဆက်တွဲအဖြစ် လူဦးရေ ၅၀၀၀ ခန့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပြီး ဆေးရုံတင်ထားရကြောင်း၊ ထို့ကြောင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ဆောင်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

နိုင်ငံ၏မြို့တော် ဒါကာတွင် စက်တင်ဘာ ၃ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ခရိုင်အများအပြား ရေလွှမ်းမိုးမှုကြောင့် လမ်းများရေနစ်မြုပ်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KZ**

# ဂရိနိုင်ငံတွင် မိုးခေါင်မှုကြောင့် Mornos ရေကန်၌ ရေခန်းခြောက်လာ

**အေသင် စက်တင်ဘာ ၄**

ဂရိနိုင်ငံတွင် မိုးခေါင်မှုကြောင့် နိုင်ငံအလယ်ပိုင်း ဆန်ကန်ရွာရှိ Mornos ရေကန်၌ ရေခန်းခြောက်လာကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂရိနိုင်ငံတွင် ကာလရှည်မိုးခေါင်မှုကြောင့် ၄၅ နှစ်ခန့်မျှတည်ရှိခဲ့သောဂင်းရေကန်သည် ယခုအခါ ရွှံ့များနှင့်ရေအနည်းငယ်သာ ကျန်ရှိတော့ကြောင်း၊ ကာလရှည် မိုးခေါင်ရေရှားမှုများကြောင့် ဂရိလူဦးရေထက်ဝက်ခန့်ကို ရေပေးဝေသည့် လူသားများတူးဖော်ထားသော Mornos ရေကန်ကြီးသည် ဆယ်စုနှစ်များအတွင်း ရေပမာဏ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားခဲ့ကြောင်း Dorida မြူနီစီပယ်၏ မြို့တော်ဝန် Dimitris Giannopou-los က ပြောကြားသွားခဲ့သည်။

ဂရိနိုင်ငံ၏ ခြောက်သွေ့သော ရာသီဥတုအပြင် ပြီးခဲ့သည့်လက လောင်ကျွမ်းခဲ့သော အေသင်မြို့ တောမီးက နိုင်ငံအတွင်း အပူချိန်မြင့်တက်မှုကို ပိုမိုဆိုးရွားစေကြောင်း၊ ယခုကဲ့သို့ ရေကန်ကြီး ရေပမာဏကျဆင်းလာကာ ရေခန်းခြောက်မှုကြောင့် အဆိုပါရေကန်ကရေကို မှီခိုအသုံးပြုနေရသော အနီးပတ်ဝန်းကျင်ကျေးရွာများသည် ရေပြတ်တောက်မှုများ ကြုံတွေ့ခဲ့ရကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ဂရိနိုင်ငံ Mornos ရေကန်၏ ရေမျက်နှာပြင်သည် ၂၀၂၂ ခုနှစ် ဩဂုတ်လက ၁၆ ဒသမ ၈ စတုရန်းကီလိုမီတာမှ ယခုနှစ်တွင် ၁၂ စတုရန်းကီလိုမီတာသို့ ကျဆင်းသွားခဲ့ကြောင်း ဂရိနိုင်ငံ အမျိုးသားစူးစမ်းလေ့လာရေးဌာနမှ ထုတ်ပြန်သော ဂြိုဟ်တုဓာတ်ပုံများအရ သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# စပိန်နိုင်ငံ ကော်ဒိုဗာမြို့အနီးတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၇၀၀၀ ကျော်ပျက်စီးခဲ့

**မက်ဒရစ် စက်တင်ဘာ ၄**

စပိန်နိုင်ငံ ကော်ဒိုဗာမြို့အနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၇၀၀၀ ကျော်ထိ ပျက်စီးခဲ့ကြောင်း စပိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် စက်တင်ဘာ ၃ ရက်က ကာလာမူချီတာချိုင့်ဝှမ်းအနီးမှ စတင်လောင်ကျွမ်းနေခြင်းဖြစ်ပြီး မိုးလေဝသအခြေအနေကြောင့် တောမီးကူးစက်လောင်ကျွမ်းမှု မြန်ဆန်နေခြင်းဖြစ်ကြောင်း၊ လေယာဉ်ငယ် သုံးစီးနှင့် ရဟတ်ယာဉ်နှစ်စီးကို အသုံးပြုကာတောမီးထိန်းချုပ်ရေးအတွက် လေကြောင်းအကူအညီ ပေးလျက်ရှိပြီး လေတိုက်နှုန်းမှာ တစ်နာရီ ကီလိုမီတာ ၆၀ နှုန်းဖြင့် တိုက်ခတ်နေခြင်းကြောင့် တောမီး ကူးစက်လောင်ကျွမ်းမှုမြန်ဆန်နေခြင်းလည်းဖြစ်ကြောင်း သိရသည်။

"ကာလာမူချီတာချိုင့်ဝှမ်းကနေစတင်ပြီးတော့ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် လေကြောင်းအကူအညီ ရယူထားပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၂၁၀ ထိ တောမီးထိန်းချုပ်နေတဲ့နေရာမှာ တာဝန်ထမ်းဆောင်နေပြီး လေယာဉ်ငယ်သုံးစီး၊ ရဟတ်ယာဉ်နှစ်စီးအသုံးပြုထားပါတယ်။ လေတိုက်နှုန်းက တစ်နာရီကို ကီလိုမီတာ ၆၀ နှုန်းနဲ့တိုက်ခတ်နေတာကြောင့် တောမီးကူးစက်လောင်ကျွမ်းမှု မြန်ဆန်နေတာဖြစ်ပါတယ်။ တောမီးကူးစက်လောင်ကျွမ်းနေတဲ့ သစ်တောမြေဧက ၇၀၀၀ ကျော် နေပြီဖြစ်တဲ့အတွက်တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ဖို့ လိုအပ်နေပါတယ်" ကော်ဒိုဗာအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**



# အမေရိကန်နိုင်ငံ ဖီးနစ်ပြည်နယ်တွင် အပူချိန်လွန်ကဲမှုဖြင့် ကာလရှည်ရင်ဆိုင်နေရ

**ဝါရှင်တန် စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံ အနောက်ဘက်ပိုင်းပြည်နယ်များတွင် အပူချိန်လွန်ကဲမှု ဖြစ်ပေါ်နေပြီး ဖီးနစ်ပြည်နယ်သည် အပူချိန်လွန်ကဲမှုဖြင့် ကာလရှည်ရင်ဆိုင်နေရကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ဖီးနစ်ပြည်နယ်တွင် ရက်ပေါင်း ၁၀၀ ဆက်တိုက်ထိ အပူချိန် ၃၇ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း အပူချိန်ပမာဏ ၄၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားဖွယ်ရှိနေကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အနောက်ဘက်ပိုင်းပြည်နယ်တွေမှာ အပူချိန်မြင့်တက်မှုတွေ ဆက်တိုက် ဖြစ်ပေါ်နေပါတယ်။ အပူချိန်လွန်ကဲမှုဟာ ရက်ရှည်ဖြစ်ပေါ်နေပြီးတော့ ၃၇ ဒသမ ၇ ဒီဂရီစင်တီဂရိတ် ဖြစ်ပေါ်ခဲ့သော ကာလမှာ ၁၀ ရက်ထိရှိခဲ့ပြီး ၄၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပါတယ်"ဟု အမေရိကန်အမျိုးသား မိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရစ်ချ်ဘန်းက ပြောကြားခဲ့သည်။

အပူချိန်လွန်ကဲမှုကြောင့် အိမ်ခြေရာမဲ့များ၊ သက်ကြီးရွယ်အိုများနှင့် အရွယ်မရောက်သေးသည့် ကလေးငယ်များအတွက် အန္တရာယ်ရှိနိုင်ပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သော ကျန်းမာရေးလုံခြုံမှုကို အထူးသတိပြုရမည်ဖြစ်ကြောင်း အမေရိကန် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

အပူချိန် ဆိုးရွားစွာမြင့်တက်လာမှုသည် ကယ်လီဖိုးနီးယားပြည်နယ်တွင်လည်း ဖြစ်ပေါ်လာနိုင်ပြီး ပုံမှန်အားဖြင့် အအေးဓာတ်မြင့်မားသော ပစိဖိတ်ကမ်းခြေဒေသများ၌ပင် အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ အလားတူ ဝါရှင်တန်ပြည်နယ်၊ အိုရီဂွန်ပြည်နယ် တို့တွင်လည်း အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး အပူချိန်လွန်ကဲမှုမှာ အချိန်ကြာမြင့်ဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# တောင်ကိုရီးယားနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မုန်ညင်းဖြူစိုက်ပျိုးရန် အခက်တွေ့နေ

**ဆိုးလ် စက်တင်ဘာ ၄**

တောင်ကိုရီးယားနိုင်ငံတွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် မုန်ညင်းဖြူများ စိုက်ပျိုးရန် အခက်တွေ့နေကြောင်း စိုက်ပျိုးရေးပညာရှင်များအသင်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အအေးဓာတ် လွန်ကဲသည့် တောင်ကိုရီးယားနိုင်ငံတွင် လက်ရှိအပူချိန်မှာ ၂၅ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိပြီး အပူချိန်ပမာဏသည် ရိုးရာအစားအစာ ကင်မ်ချီပြုလုပ်သည့် မုန်ညင်းဖြူများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်သည့်အခြေအနေမဟုတ်ကြောင်း၊ ကင်မ်ချီပြုလုပ်သော မုန်ညင်းဖြူသည် အအေးဓာတ် မြင့်မားသည့် အခြေအနေမျိုး၌သာ အောင်မြင်ဖြစ်ထွန်းနိုင်သည့်အတွက် အပူချိန်မြင့်မားမှုကြောင့် မုန်ညင်းဖြူအထွက်နှုန်း ကျဆင်းကာ စားသုံးမှုအများဆုံးသော အစားအစာဖြစ်သည့် ကင်မ်ချီ ရှားပါးလာနိုင်ကြောင်း သိရသည်။

"ရာသီဥတုဖောက်ပြန်မှုဟာ တောင်ကိုရီးယားနိုင်ငံရဲ့ စားသုံးသူအများဆုံး ရိုးရာအစားအစာဖြစ်တဲ့ ကင်မ်ချီထုတ်လုပ်မှုကို သိသိသာသာ လျော့ကျလာစေနိုင်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်တွေမြင့်တက်လာတယ်။ မုန်ညင်းဖြူဟာ အအေးဓာတ်ကြိုက်တဲ့ အပင်မျိုးစိတ်ဖြစ်တဲ့အတွက် လက်ရှိဖြစ်ပေါ်နေတဲ့ အပူချိန်ပမာဏမျိုးမှာ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ဖို့က ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"ဟု စိုက်ပျိုးရေးပညာရှင် လီယောင်းဂူက ပြောကြားသည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် ကင်မ်ချီဈေးနှုန်းလည်း အဆမတန် မြင့်တက်လာနိုင်ပြီး မုန်ညင်းဖြူများအပြင် အခြားအအေးဓာတ်ကြိုက်သော သီးပင်၊ စားပင်များ အထွက်နှုန်းသည်လည်း ကျဆင်းလာဖွယ်ရှိနေသည့်အတွက် ရာသီဥတုဖောက်ပြန်မှုသည် တောင်ကိုရီးယားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကိုကြီးမားသော ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာစေနိုင်သည်ဟု စိုက်ပျိုးရေးပညာရှင် လီယောင်းဂူက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်




**We Protect The Family**

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်ပြီး မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမူကျေးရွာတွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးညွန့်ဝေ(ဘ)ဦးသောင်း (၉/အမရ (နိုင်)၀၅၅၅၆၆) ကိုင်ဆောင်သူမှ မန္တလေးတိုင်းဒေသကြီး ၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမူကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၂၈-ဆင်ရွာကွင်း)၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀.၃၀)ကေ၏ လယ်ယာမြေခွင့်ပြုမိန့်လက်မှတ်ပုံစံ(၇)ပျောက်ဆုံးသွားပါသဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုဌာနတွင် အသစ်ထပ်မံလျှောက်ထားမည်ဖြစ်ပါသည်။

သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ပုံစံ(၇) အသစ် ထပ်မံလျှောက်ထားခြင်းကိစ္စအဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးညွန့်ဝေ(ဘ)ဦးသောင်း
၉/အမရ(နိုင်)၀၅၅၅၆၆
ဆင်ရွာမြင်းမူကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးမိုးအောင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ
ဘုန်းတော်နိုင်ငံရပ်၊ အမရပူရမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။
၀၉-၈၆၇၅၀၂၈၈၉၊ ၀၉-၇၉၇၄၃၃၀၈၄

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၈၃/တောင်ညိုအနောက်)၊ မြေကွက်အမှတ်(၌/၇)၊ မြေဧရိယာ(၄.၀၀)ကေရှိမြေသည် ဒေါ်လင်းလင်းခိုင်အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အား (၂၈-၄-၂၀၀၉) မှ (၂၇-၄-၂၀၃၉)ရက်နေ့ထိ ရရှိထားပါသည်။ (၂၈-၈-၂၀၂၃)ရက်နေ့တွင် အဆိုပါ စက်မှု/စီးပွား မြေငှားဂရန်အနက် မြေကွက်အမှတ်(၌/၇-က)၊ မြေဧရိယာ(၂.၀၀)ကေရှိမြေအား ဒေါ်နန်းလင်းလင်းခိုင် (ခ) လင်းလင်းခိုင်မှ ဦးကျော်လွင် သို့လည်းကောင်း၊ မြေကွက်အမှတ်(၌/၇)၊ ကျန်မြေဧရိယာ(၂.၀၀)ကေရှိမြေအား ဦးရီနုတ် (ခ) ဦးခင်မောင်ဝင်း သို့လည်းကောင်း အသီးသီး အထူးကိုယ်စားလှယ်လွှဲအပ်ခဲ့၍ မြေကွက်အမှတ်(၌/၇-က)၊ မြေဧရိယာ(၂.၀၀)ကေရှိမြေအား တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးထန်ရှင်ဟောက် (ခ) ဇော်မိုးလွင်၊ ဒေါ်စိုးစိုးနွယ်၊ ဒေါ်စန်းရီ တို့အား မြေငှားဂရန်မူရင်းအပ်နှံခဲ့ကာ ၎င်းတို့အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် ခွဲစိတ်/အမည်ပြောင်းလျှောက်ထားခဲ့သဖြင့် စိစစ်ဆောင်ရွက်ခဲ့ပြီး တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့၍ ဦးထန်ရှင်ဟောက်ပါ(၃)ဦးတို့ အမည်ဖြင့် မြေငှားဂရန် ခွဲစိတ်/အမည်ပြောင်းထုတ်ပေးရန် ဂရန်မူရင်းတောင်းခံစဉ် ပြသနိုင်ခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်း တင်ပြလာမှုအပေါ် ဦးထန်ရှင်ဟောက်ပါ(၃)ဦးတို့အမည်ဖြင့် မြေငှားဂရန် ခွဲစိတ်/အမည်ပြောင်းထုတ်ပေးမည်ဖြစ်၍ ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း **မြေငှားဂရန်မူရင်းနှင့်အတူ** စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

## ပျောက်ဆုံးကြောင်း

နောင်ချိုမြို့နယ်၊ ရပ်ကွက်(၁)၊ ဘန့်ဘွေးနေ ဦးမြင့်သန်း (ဘ) ဦးဘသိုက် (၁၃/နခတ(နိုင်)၀၄၉၇၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၅၈၄၃၄၃၄၂

## ပျောက်ဆုံးကြောင်း

ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်နေ ဒေါ်တင်မာခိုင် (ဘ) ဦးပြည်အေးစိန် (၈/ဂဂန(နိုင်)၁၃၉၃၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-152123)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၉၈၀၁၂၃၆၁

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ လက်ပံကျေးရွာနေ ဦးချိုတူး-ဒေါ်တင်မာဆွေတို့၏သမီး **မအေးသန္တာ (၅/စကန(နိုင်)၂၈၄၂၁၁)** သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား ဆောင်ရွက်နေသည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မည်သို့မျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
**ဦးချိုတူး (၅/စကန(နိုင်)၀၉၂၂၅၈)**
**ဒေါ်တင်မာဆွေ (၅/စကန(နိုင်)၀၉၂၃၃၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၈)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အဋ္ဌမတန်း (Grade-8) တွင် ပညာသင်ကြားနေသော မောင်သန်းတိုးအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနန်းကြိုင်ဖြစ်ပါကြောင်း။ **ဦးနန်းကြိုင်(၉/မလန(နိုင်)၁၂၆၂၁၈)**

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ အထက-အုန်းချောမှ Grade-11(A) တွင် ပညာသင်ကြားနေသော မတွယ်တာလင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖိုးကျော် ဖြစ်ပါကြောင်း။

**ဦးဖိုးကျော် (၉/ပကခ(နိုင်)၀၀၃၈၁၉)**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ မြတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မအိရွှေစင် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးပိုက် ဖြစ်ပါကြောင်း။
**ဦးပိုက်**
**(၉/တသန(နိုင်) ၁၂၇၈၃၆)**

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ အထက-အုန်းချောမှ Grade-11(A) တွင် ပညာသင်ကြားနေသော မရတနာအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခင်မောင်တင့် ဖြစ်ပါကြောင်း။

**ဦးခင်မောင်တင့်(၉/ပသက(နိုင်)၀၂၆၆၉၅)**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ မြတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်ကောင်းဆက်လင်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းမောင်မောင် ဖြစ်ပါကြောင်း။

**ဦးစိုင်းမောင်မောင် (၉/မလန(နိုင်)၀၉၀၄၀၃)**

❖ မိမိတို့၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသော သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်...

❖ ဦးတည်ချက်များတွင် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဟု ပါဝင်...

❖ မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ပြီးစီးပါက ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို လွှဲပြောင်း၍ ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ခေါ်ယူဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကို တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကို တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်ဒေသခံပြည်သူများကို ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၌တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563